# ရဟန်းခံရှင်ပြုအကြောင်း သိကောင်းစရာ

## အရှင် တိလောကာဘိဝံသ (အင်းစိန်)



. ၃၁၁
သက

2007. GRAPHIC DESIGN : KYAW MINN MOUNG

# ရဟန်းခံရှင်ပြု

## အကြောင်း

## သိကောင်းစရာ

စာပေအမှတ်စဉ် (၁၃)

အရှင်တိလောကာဘိဝံသ

(အင်းစိန်)

၂၈၈၇၄

# ရဟန်းခံရှင်ပြုအကြောင်းသိကောင်းစရာ

အမှတ် ၂၈၈၇၄

စာမူခွင့်ပြုချက် - ၅၈/၉၃ (၁၁)

မျက်နှာဖုံးခွင့်ပြုချက် - ၄၁၄/၉၃ (၁၂)

**ပထမအကြိမ်**

၁၉၉၄ - ခု ၊ ဇန်နဝါရီလ

အုပ်ရေ (တစ်ထောင်)

**မဗ္ဗဒါန**

**ပုံနှိပ်သူ** ဒေါ်မျိုးစန္ဒာ (၀၄၀၈၂)

မိတ်ကောင်းပုံနှိပ်တိုက်

အမှတ် - ၈၉ ၊ ၅၆ - လမ်း ၊ ရန်ကုန်မြို့ ။

**အဖုံးရိုက်** ကျောက်စိမ်းအော့ဖ်စက်

**ထုတ်ဝေသူ** ဦးလှစိန် (၀၃၀၁၉)

ထွန်းလှကျော်စာပေ

အမှတ် ၂၁၉ ၊ အသောကလမ်း

၁၃ ရပ်ကွက် ၊ လှိုင်မြို့နယ် ၊ ရန်ကုန်မြို့ ။

**ဖြန့်ချိရေး** အင်းစိန်မရိယတ္တိစာသင်တိုက်

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | က–င |
| ၂။ | ပဏ္ဏာမနှင့်ပဋိညာဉ် | ၁ |
| ၃။ | အလိုအပ်ဆုံးသောအရာ | ၂ |
| ၄။ | သမဏသုခများ | ၃ |
| ၅။ | သာသနာ့ဝန်ထမ်း ၂–မျိုး | ၃ |
| ၆။ | ရှင်, ရဟန်းဖြစ်ဖို့အရည်အချင်း | ၄ |
| ၇။ | ရှင်, ရဟန်းပြုနိုင်သောအရွယ် | ၅ |
| ၈။ | ပဗ္ဗဇိတအမျိုးမျိုး | ၆ |
| ၉။ | ရှင်, ရဟန်းအဖြစ်ခွင့်ပြုတော်မူခြင်း | ၈ |
| ၁၀။ | ထူးခြားချက် | ၉ |
| ၁၁။ | ရှင်ပြုပုံအစီအစဉ် | ၁၀ |
| ၁၂။ | ရှင်သာမဏေဖြစ်ချိန် | ၁၁ |
| ၁၃။ | အရိယာ နတ်–ဗြဟ္မာတို့၏အမြင် | ၁၂ |
| ၁၄။ | ဒုတိယကြွေးကြော်သံ | ၁၃ |
| ၁၅။ | တတိယကြွေးကြော်သံ | ၁၃ |

| | | |
|---|---|---|
| ၁၆။ | ရဟန်းခံ | ၁၄ |
| ၁၇။ | ရဟန်းဖြစ်ရပုံ ၈-မျိုး | ၁၅ |
| ၁၈။ | ယခုခေတ်နှင့် ဘိက္ခုနီ | ၁၆ |
| ၁၉။ | ရဟန်းဖြစ်မြောက်ရန်အင်္ဂါ ၅-တန် | ၁၆ |
| ၂၀။ | ဝတ္ထုသမ္ပတ္တိ | ၁၇ |
| ၂၁။ | ဘောင်းဘီဝတ်နှင့်ဆံရှည်ကိုယ်တော် | ၁၈ |
| ၂၂။ | ဉတ်,ကမ္မဝါစာ၏ ပြည့်စုံမှု | ၁၉ |
| ၂၃။ | သိမ်၏ပြည့်စုံမှု | ၁၉ |
| ၂၄။ | ပရိသတ်၏ပြည့်စုံမှု | ၂၀ |
| ၂၅။ | မျက်မှောက်ကန့်ကွက်မှု | ၂၁ |
| ၂၆။ | ကြိုတင်စိစဉ်မှု | ၂၄ |
| ၂၇။ | ရဟန်းခံအစီအစဉ် | ၂၅ |
| ၂၈။ | ပုဗ္ဗကိစ္စများ | ၂၆ |
| ၂၉။ | ဥပဇ္ဈာယ် | ၂၆ |
| ၃၀။ | ဥပဇ္ဈာယ်အင်္ဂါများ | ၂၉ |
| ၃၁။ | ဥပဇ္ဈာယ်ယူပုံ | ၃၀ |
| ၃၂။ | သပိတ်-သင်္ကန်းပြောကြားခြင်း | ၃၁ |

| | | |
|---|---|---|
| ၃၃။ | ပရိက္ခရာ | ၃၂ |
| ၃၄။ | ရဟန်းလောင်းအားသင်ပြခြင်း | ၃၃ |
| ၃၅။ | ထိုင်လျက်သင်ကြားရန်သင့်မသင့် | ၃၄ |
| ၃၆။ | သင်ပြရမည့်အရပ် | ၃၅ |
| ၃၇။ | စစ်မေးရမည့်အချက် ၁၅–ချက် | ၃၆ |
| ၃၈။ | ပဓာနကိစ္စ | ၃၈ |
| ၃၉။ | ဥတ်ကမ္မဝါစာဖတ်ပုံ | ၄၀ |
| ၄၀။ | ရဟန်းဖြစ်ချိန် | ၄၂ |
| ၄၁။ | သက်န်းအရှိန်အဝါ | ၄၃ |
| ၄၂။ | ရဟန်းဖြစ်ဇာတာ | ၄၄ |
| ၄၃။ | မှီရာ ၄–ပါး | ၄၅ |
| ၄၄။ | ဆွမ်းဟူသောမှီရာ | ၄၇ |
| ၄၅။ | အပိုလာဘ်ကိုခွင့်ပြုတော်မူခြင်း | ၄၈ |
| ၄၆။ | သက်န်းဟူသောမှီရာ | ၄၉ |
| ၄၇။ | အပိုအလွန်သက်န်း | ၅၀ |
| ၄၈။ | ကျောင်းဟူသောမှီရာ | ၅၁ |
| ၄၉။ | အပိုအလွန်ဖြစ်သောကျောင်း | ၅၂ |

| | | |
|---|---|---|
| ၅၀။ | ဆေးဟူသောမှိုရာ | ၅၂ |
| ၅၁။ | အပိုအလွန်ဖြစ်သောဆေး | ၅၃ |
| ၅၂။ | ပစ္စည်း ၄–ပါးသုံးဆောင်နည်း | ၅၄ |
| ၅၃။ | လုံးဝမပြုထိုက်သောအရာ ၄ – ပါး | ၅၄ |
| ၅၄။ | နားလည်မှုယူ၍ ခွင့်လွှတ်ခြင်း | ၅၇ |
| ၅၅။ | အချင်းချင်းခွင့်လွှတ်ပုံ | ၅၈ |
| ၅၆။ | သာသနာ့ဝန် ထမ်းဆောင်ခြင်း | ၅၈ |
| ၅၇။ | ပရိယတ္တိ ၃ – မျိုး | ၅၉ |
| ၅၈။ | စာသင်နေသူများကို မနှိမ်သင့်ပါ | ၆၀ |
| ၅၉။ | အနှစ်ရှာကြစို့ | ၆၂ |
| ၆၀။ | နိဂုံးချုပ် | ၆၄ |
| ၆၁။ | ကျမ်းကိုးစာရင်း | |

# နိဒါန်း

ကမ္ဘာအသချေ လွန်လေသော်လည်း တစ်ခါတစ်ရံမျှ တွေ့ကြုံဆုံဆည်း ခဲလှသော ဗုဒ္ဓုပ္ပါဒနုလ္လဘအခါနှင့် တွေ့ကြုံ ရသော ယနေ့ ကမ္ဘာသူကမ္ဘာသားများသည် အလွန်မတန် ကံထူးသူများ ဖြစ်ကြသည်၊ ကံထူးလို့ တွေ့ကြုံ ကြရသော ဗုဒ္ဓသာသနာ ဟော်ကြီး လက်လွှတ်ဆုံးရှုံးမသွားဖို့ရန် ဗုဒ္ဓဘာသာဝင်တိုင်းမှာ တာဝန် ရှိနေပါသည်၊ တာဝန်ကိုသိသော မြန်မာနိုင်ငံအတွင်းရှိ အစိုးရနှင့် တကွသော ရဟန်း, ရှင်, လူ, ပြည်သူအပေါင်းတို့သည် သာသနာ တော် သန့်ရှင်း, တည်တံ့, ပြန့်ပွါးရေးကို ယနေ့အချိန်အခါမှာ တာဝန် ကိုယ်စီယူ၍ဆောင်ရွက်နေကြပါသည်၊ ထိုသို့ ဆောင်ရွက်ရာတွင် တစ်နိုင်ငံလုံးရှိ ရဟန်း, ရှင်, လူ, ပြည်သူ အားလုံးတို့၏ ကိုယ်စား နိုင်ငံတော်သံဃမဟာနာယက အဖွဲ့သည်-

၁။ သာသနာတော်သန့်ရှင်းရန် ဝိနိစ္ဆယအဖွဲ့၊

၂။ တည်တံ့ရန် သာသနာရေးအဖွဲ့၊

၃။ ပြန့်ပွားရန်ဝဍ္ဍာရေးအဖွဲ့များ -

ဖွဲ့စည်းဆောင်ရွက်စေခဲ့ပါသည်။

မဟာနာယကလက်အောက်ရှိ ပညာရေးအဖွဲ့များကလည်း ပြည်တွင်း, ပြည်ပ တစ်ကမ္ဘာလုံးအနှံ့သာသနာပြန့်နိုင်ရန် နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ဖွင့်လှစ်၍ စီမံကိန်းတစ်ခု အကောင် အထည်ဖော်ဆောင်ရွက်နေပါသည်၊ ထိုစီမံကိန်းအောင်မြင်ရန် (၆)လ ဆရာလောင်း မွမ်းမံသင်တန်းကိုလည်း ဖွင့်လှစ်သင်ကြား ပေးလျက်ရှိပါသည်၊ ယင်းသင်တန်း၌ သင်တန်းဆင်း နောက်ဆုံးစာမူ အဖြစ် သင်တန်းသားများကို စာတမ်းရေး ကျမ်းပြုခိုင်းပြီး အကဲဖြတ် ပါသည်၊ ထိုမှ ရင်းမြစ်ခံပြီး ယခုစာတမ်း ဖြစ်ပေါ်လာရပါသည်။

တစ်ချိန်က အာရှတိုက်ကြီးတစ်တိုက်လုံးကို လွှမ်းခြုံခဲ့သော ဗုဒ္ဓသာသနာတော်ကြီးသည် ယခုအချိန်မှာ အလွန်သေးငယ် ကျဉ်းမြောင်းနေပါပြီ၊ အကြောင်းကိုရှာလျှင် သာသနာတွင်း အင်အား စုများဖြစ်သည့် ရှင်, ရဟန်းတို့၏ ချို့ယွင်းချက်လည်း အဓိက အကြောင်းတစ်ခု ပါဝင်ပါသည်၊ ရှင်, ရဟန်းများ အရေအတွက်များဖို့ လိုအပ်သလို အရည်အချင်းရှိဖို့က ပို၍လိုအပ်ပါသည်။

အရည်အချင်းဆိုသည်မှာ–

၁။ ပါသာဒိကဂုဏ်ကိုဆောင်သော ''သွင်ပြင်''

၂။ သဒ္ဓါ ဝီရိယ သတိ သမာဓိပညာနှင့်ယှဉ်သော ကြီးမြတ်သည့် ''ဗိုလ်စိတ်ဓာတ်''

၃။ ဘက်စုံ ''ပညာဗဟုသုတ''

၄။ ဒုက္ခကင်းရေးကိုဦးတည်ချက်ထားသော ''အကျင့်သိက္ခာ'' တို့ဖြစ်ပါသည်။

ဤအရည်အချင်းများ ရှင်,ရဟန်းတို့သန္တာန်မှာ ပြည့်ဝနေလျှင် ဗုဒ္ဓသာသနာတော်သည် ကမ္ဘာအသချေ်မကပင် တည်နိုင်ပါသည်။

ထိုအရည်အချင်းများနှင့် ပြည့်ဝသောရှင်ရဟန်းများရဘို့ရန်မှာ –

၁။ လူတော်လူကောင်းများ ရှင်ရဟန်းပြုချင်လာအောင် စည်းရုံးမှု

၂။ စနစ်တကျစီစစ်လက်ခံမှု– စသည်အချက်များလိုအပ်ပါသည်။

ထိုအချက်များအတွက် အခြေခံအုတ်မြစ် ဖြစ်စေရန် ဤစာတမ်းက အထောက်အကူပြုပါလိမ့်မည်။ ''ပဗ္ဗဇိတ ဘာဝေါ ဒုလ္လဘော''ဟု ဘုရားဟောရှိသော်လည်း ယခုခေတ်မှာ''သုလဘ'' ဖြစ်နေခြင်းကြောင့် အထင် မကြီးတော့၊ သာသနာ့ဝင်ပုဂ္ဂိုလ်အဖြစ် စိစစ်လက်ခံမှု အပိုင်း အားနည်းမှု ကြောင့် သာသနာ့ဝန်ထမ်းများ အပက်ပက်ကနိမ့်ကျနေပါသည်။ ဘုရားရှင်၏အာဏာဒေသနာတော် အစွမ်းကြောင့် ထိပ်ဆုံးအဆင့်သို့ ရောက်ခဲ့ကြသူ ရှင်, ရဟန်း အချို့ကလည်း အခွင့်အာဏာကို အလွဲသုံးစား လုပ်နေကြသဖြင့် သာသနာတော်ပို၍နစ်နာရပါသည်။ ရပိုင်ခွင့်ကိုသာယူပြီး တာဝန်

ကျေအောင် မထမ်းဆောင်နိုင်သောသူသည် ''ကတညုတာ'' မင်္ဂလာ မထိုက်၊ လူမိုက်သာဖြစ်မည်။ တာဝန်ကျေအောင် မည်သို့ ဆောင်ရွက် သင့်သည်ကို ဤစာတမ်းက မီးမောင်းထိုးပြပါလိမ့်မည်။ ဤစာတမ်း၌ အပိုင်း(၄)ပိုင်း ခွဲ၍ တင်ပြထားပါသည်။ ယင်းတို့မှာ –

၁။ ရှင်ရဟန်းပြုကြခြင်း အကြောင်းရင်းနှင့် ခွင့်ပြုတော်မူပုံ

၂။ ရှင်ပြုခြင်းဆိုင်ရာ အကြောင်း

၃။ ရဟန်းပြုခြင်းဆိုင်ရာအကြောင်း

၄။ ရဟန်းရှင်တို့၏တာဝန်ဝတ္တရားများနှင့်ပန်းတိုင် –

ဤ (၄) ပိုင်းဖြစ်ပါသည်။

အကြောင်းအရာတိုင်းကို သမရိုးကျပုံစံအတိုင်း မဖြစ်စေဘဲ သဘောပေါက်နားလည်လွယ်အောင် ဆန်းသစ်သောပုံစံဖြင့် တင်ပြ ထားပါသည်၊ ဝိနည်းလမ်းကြောင်းပေါ်မှာ သုတ္တန်, အဘိဓမ္မာ လောင်း၍ ခြယ်မှုန်းထားခြင်းသာဖြစ်ပါသည်။မှန်၏။ ဝိနည်း ကြောင်းများကို ဝိနည်းရှုထောင့်မှကြည့်လျှင် ပြောတိုင်းလုပ်, ထားတိုင်းနေဖို့ရန်သာရှိလေသည်၊ ဘာမျှ စောဒကများတက်နေစရာ မလို၊ အာဏာဒေသနာဖြစ်သဖြင့် စောဒကတက်၍မရပါ။ အာဏာ ဒေသနာကို စောဒကတက် ဆင်ခြေပေးကာ ကန့်လန့် တိုက်မိလို့

အာဏာစိတ်ကြွမနေရာယ်ရှုပြီး မရှုမလှ ဒုက္ခရောက်ရသော ''အဖိုး'' နှင့် ''ကလျာဏ'' တို့ နမူနာကလည်း အထင်အရှားရှိနေသည်၊ ဝိနည်းလာ အမိန့်အာဏာပညတ်ချက်များသည် သုတ္တန်, အဘိဓမ္မာ မိုးမောင်းဆလိုက်ထိုးပြလိုက်မှ ပေါ်လွင်ထင်ရှားလာပါသည်၊ ဗုဒ္ဓ၏ ကရုဏာတော်,ပညာတော် အစွမ်းများသည်လည်း အံ့မခန်း ချီးမွမ်းဖွယ်ရာ ပေါ်လွင်လာပါသည်၊ မြတ်စွာဘုရား၏ အလိုတော်, ကရုဏာတော်, ပညာတော် စွမ်းပကားများ ပေါ်လွင်အောင် တင်ပြထားပါသည်၊ နိဂုံး၌လည်း ဤစာအုပ်ကိုဖတ်ရှုပြီး ဆုံးဖြတ်ထားကြပါဟုသာ တိုက်တွန်းလိုပါသတည်း။

၁၃၄၆-ခု၊ တဆုန်လပြည့်ကျော် ၁၁-ရက်
(၂၅-၅-၈၄) သောကြာနေ

**အရှင်တိလောကာဘိဝံသ**
**(အင်းစိန်)**

# ရှင်ရဟန်းအဖြစ် ခွင့်ပြုတော်မူခြင်း
## ပဏ္ဏာမနှင့် ပဋိညာဉ်

ဝန္ဒိတွာ ရတနတ္တယဉ္စ၊ သွာစေရေ စ သုသာဒရံ။
ပဗ္ဗဇ္ဇူပသမ္ပဒါယ၊ အနုညာတံ ဝဏ္ဏယိဿာမိ

ရတနတ္တယံစ–ဘုရား,တရား,သံဃာအားဖြင့် သုံးပါးသော ရတနာအပေါင်းကိုလည်းကောင်း၊ သွာစေရေစ– အတတ်လည်းသင် ပဲ့ပြင်ဆုံးမ, စသည့်အင်္ဂါ ဂုဏ်ကြောက်ပြာနှင့် ပြည့်စုံပေလတ် ဆရာမြတ်တို့ကိုလည်းကောင်း၊ ဝန္ဒိတွာ– ဦးညွတ်ရိုးကျိုး ရှိခိုးပြီး၍၊ ပဗ္ဗဇ္ဇူပသမ္ပဒါယ– ရှင်,ရဟန်းအဖြစ်ကို၊ အနုညာတံ– ခွင့်ပြုတော်မူပုံကို၊ဝါ–ခွင့်ပြုတော်မူပုံအကြောင်းကို၊ မယာ– အရှင်တိလောကာဘိဝံသမည်သော ငါသည်၊ ပဝုစ္စတေ– သိမှတ်စရာ အပြားပြားတို့နှင့် တကွဆိုအပ်ပါ၏။ ဝါ– ဆိုအပ်ပေတော့လတ့်။

## အလိုအပ်ဆုံးသောအရာ

လူ့,နတ်,တိရစ္ဆာန်စသောသတ္တဝါတိုင်း၏အလိုအပ် ဆုံးသော အရာကား ဆင်းရဲခြင်း ကင်းဖို့ပင်ဖြစ်၏။ ဆင်းရဲဒုက္ခကို မည်သည့် သတ္တဝါမဆို အလိုမရှိကြ ရှောင်ကွင်းလိုကြ၏။ သို့သော် မလိုချင်မှ ရဆိုသလို မဆုံလိုသောဒုက္ခနှင့်ရင်ဆိုင်တိုးပြီး ပြေးရှောင်လို့ မလွတ် နိုင်ကြပေ၊ ဒုက္ခကင်းရေးကို နည်းလမ်းညွှန်ပြသူတို့တွင် အထွတ်မြတ် ဆုံးဖြစ်သည့် မြတ်စွာဘုရားက “**မြတ်သောအကျင့် (ဗြဟ္မစရိယ)ကို ကျင့်ကြံ အားထုတ်လျှင် ဒုက္ခကင်းငြိမ်းနိုင်ကြောင်း**” ဟောကြားတော်မူခဲ့သည်။[၁]

ဒုက္ခကင်းရန်ဗြဟ္မစရိယကို ကျင့်ကြံဖို့အရေးမှာလည်း အိမ်ရာတည်ထောင်လူ့ဘောင်၌နေသူတို့ ပြည့်စုံအောင် မကျင့် ဆောင်နိုင်ကြပေ၊[၂] အိမ်ရာတည်ထောင်လူ့ဘောင်၌ နေရခြင်းသည် အသီးကြောင့် ပစ်ခတ်ခြင်း၊ ချိုးပဲ့ခြင်း စသည့်ဘေးဒဏ် ခံရသော သရက်ပင်ကဲ့သို့ ဘေးရန်များလှ၏၊[၃] သားရေး, သမီးရေး, စီးပွားရေး စသော ကြောင့်ကြဖွယ်တို့ဖြင့် ရှုတ်ထွေးကျဉ်းမြောင်းလှ၏၊[၄] ဆိတ်ငြိမ်ရာကို မရနိုင်၊ ရှင်, ရဟန်းဘဝကား အသီးမသီးသော သရက်ပင်ပမာ အန္တရာယ်ကင်း၍ အေးငြိမ်းလှသည်၊ အလိုနည်း ခြင်း, ရောင့်ရဲလွယ်ခြင်း စသော အကြောင်းများကြောင့် ရဟန်း

---

၁။ ဝိ ၃၊ ၁၈။ ၂။ ဒီ ၁၊ ၅၉။

၃။ ဇာတက၅-၆-၅၅ ၄။ ဇာတက၅-၆-၅၅

ဘဝဖြင့် ပြုလုပ်ရသော လုပ်ငန်းသည် လျင်မြန်စွာ ပြီးမြောက်နိုင်သည်၊[၁] ထို့ကြောင့် လူ့ဘောင်ကို ရှောင်ခွာ၍ သာသနာ့ဘောင်၌ ရှင်ရဟန်း ပြုကြသည်။

## သာမဏေသုခများ

ရှင်ရဟန်းဘဝသည် ဥစ္စာ စပါး သိမ်းဆည်းရမှု မရှိခြင်း၊ အပြစ်ကင်းသော ဆွမ်းကိုရှာမှီးရခြင်း၊ အေးငြိမ်းသော ဆွမ်းကို သုံးဆောင်ရခြင်း စသော(၈)မျိုးသော သာမဏသုခတို့ဖြင့်[၂] ချမ်းသာ အေးမြလှ၏၊ လွင်တီးခေါင်ပမာ အငြိအတွယ်မရှိ လွတ်လပ်သည်၊[၃]

## သာသနာ့ဝန်ထမ်း (၂) မျိုး

အိမ်ထောင်သားမွေးအလုပ်စွန့်၍ ဖန်ရေစွန်းသော အဝတ်ကို ဝတ်လျက် ဗြဟ္မစရိယ ကျင့်သူများကို–

၁။ ရှင်သာမဏေ

၂။ ရဟန်း– ဟူ၍ နှစ်မျိုးနှစ်စား ခွဲခြားနိုင်သည်၊ ခေတ်စကားအရဆိုလျှင် ရဟန်းသည် တင်းပြည့်ပါတီဝင်ဖြစ်၍ သာမဏေသည် အရန် ပါတီဝင်ဖြစ်သည်၊ မှန်၏၊ သာမဏေသည် ရဟန်းတို့၏ ကံကြီး, ကံငယ် ကိစ္စတို့၌ မပါဝင်နိုင်ပါ။

---

၁။ မိလိန္ဒ ၂၃၀။ ၂။ အဘိဓ ၁–၃၇။ ၃။ ဒီ ၁–၅၉။

## ရှင်ရဟန်းဖြစ်ဘို့အရည်အချင်း

အရာရာတိုင်းမှာ အရည်အချင်း လိုအပ်သည်၊ အရည်အသွေး စံမမီသော ပစ္စည်းဝတ္ထုကိုဖြစ်စေ၊ ပုဂ္ဂိုလ်, သတ္တဝါတို့ကိုဖြစ်စေ၊ အသုံးမပြုလိုကြ၊ အများအကြည်ညိုခံ, အကိုးအကွယ်ခံ ရှင်ရဟန်းတို့အတွက်ကား အရည်အချင်းပြည့်မီဖို့ ပို၍ပင် လိုအပ်ပေသည်၊

ရှင်တော်ဗုဒ္ဓသည် တစ်လောကလုံးက လေးစားလောက်သော အရည်အချင်းပြည့် သံဃာ့အဖွဲ့ အစည်းကြီးကို စနစ်တကျ ဖွဲ့စည်းထူထောင်ခဲ့သည်၊ ရှင်, ရဟန်းပြုလိုသူတိုင်းကို မြတ်စွာဘုရားက လက်မခံခဲ့၊ သာသနာ့ဝင်ပုဂ္ဂိုလ် စိစစ်ရေးလွယ်ကူစေရန် စည်းကမ်းများကို စနစ်တကျ ချမှတ်ပေးခဲ့သည်။

ရှင်, ရဟန်းဖြစ်ခွင့် လုံးဝမရထိုက်သူ ၁၁–ဦးကို လည်းကောင်း၊ ရှင်, ရဟန်း ဖြစ်နိုင်သော်လည်း မသင့်လျော်သူ ၃၂–ဦးကိုလည်းကောင်း၊ ရှင်, ရဟန်း ပြုမပေးရန် မြတ်စွာဘုရား ပညတ်ထားတော်မူ၏။[၁] မြတ်စွာဘုရားသည် ကြည်ညိုဖွယ် ပါသာဒိက ဂုဏ်ကိုဆောင်နိုင်သော ပရိသတ်ကိုသာလိုလားတော်မူ၏၊ သူများ အထင်သေးစရာ အို, နာ, ကျိုး, ကန်း ပရိတ်သတ်များ

---

၁။ မဟာဝါ မဟာခန္ဓကဟတ္ထစ္ဆိန္နာဒိ ဗာတ္ထုံသ၊ ကုဋ္ဌိအာဒိစ တေရသ အပတ္တော တေသမောသာရော၊ ကတောစေ ရုဟတိ (ဝိနယဝိနိစ္ဆယ-၂၄၅)

မဖြစ်စေလို ဘုရားလက်ထက်က သာသနာ့ဘောင်ဝင်လို သူတိုင်းကို စိစစ်မှုမရှိဘဲ လွယ်လွယ်နှင့် ရဟန်းပြုပေးနေကြသဖြင့် သာသနာ့ဘောင်မှာ အနာကြီးရောဂါစွဲသူ၊ မြင်းဖုအနာရှိသူ၊ စသည်ဖြင့် စက်ဆုပ်ဖွယ် ပုဂ္ဂိုလ်တို့ တင်းကျပ်ပြည့်နေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ကြည်ညိုဖွယ် မကောင်းသည့် စက်ဆုပ်ဖွယ်ပုဂ္ဂိုလ်တို့ကို ရှင်, ရဟန်း မပြုပေးဖို့ရန် သိက္ခာပုဒ်များ ပညတ်တော်မူခဲ့ရုံမက ရဟန်းခံသည့်အခါ စစ်ဆေးမေးမြန်းဖို့ရန်လည်း ခွင့်ပြုတော်မူခဲ့ပါသည်။[၁]

## ရဟန်းပြုနိုင်သောအရွယ်ပမာဏ

အလွန်မတန် ငယ်ရွယ်သူများသည် မိမိခန္ဓာကိုယ်ကို မိမိကိုယ်တိုင် မသုတ်သင်နိုင်၊ မစောင့်ရှောက်နိုင်၊ သက်န်းရှိသေမှု၊ ကျင့်ဝတ်သီလ စောင့်ထိန်းမှုကိုလည်း မစွမ်းဆောင်နိုင်၊ ထို့ကြောင့် မြတ်စွာဘုရားသည် အလွန်မတန် ငယ်ရွယ်သူများကို ရှင်, ရဟန်း ပြုမပေးဖို့ရန် သိက္ခာပုဒ်များ ပညတ်တော်မူသည်၊[၂] လိုအပ်လျှင် (၁၅)နှစ်အောက် ငယ်စေကာမူ ရှင်ပြုပေးနိုင်ကြကြောင်းကိုလည်း ခွင့်ပြုတော်မူခဲ့သေးသည်၊[၃] သို့သော် ကျင့်ဝတ်သိက္ခာ လိုက်နာကျင့်

---

၁။ ဝိ ၃-၁၃၀။ ၂။ ဝိ ၃-၁၁၀။ ၃။ ဝိ ၃-၁၁၀။

သုံးနိုင်လောက်သောအရွယ် ဖြစ်သင့်ပါသည်၊ အိုမင်းမစွမ်း (ဇရာဒုဗ္ဗလ) အရွယ်သို့ရောက်နေသူ အဖိုးအိုများကိုလည်း ရှင်, ရဟန်း မပြုပေးရဟု ပညတ်တော် မူခဲ့သည်။[၁]
အိုမင်းမစွမ်းဆိုသည်မှာ– သက်န်းဆိုးမှု စသော လုပ်ငန်းများကို ကိုယ်တိုင် မလုပ်နိုင်သူကို ဆိုလို၏၊ မိမိကိုယ်ကို သုတ်သင်နိုင်သူ ကိုကား ရှင်,ရဟန်း ပြုပေးကောင်းသည်။[၂]

ရဟန်းပြုခြင့်အရွယ်ကိုကား အနည်းဆုံး ပဋိသန္ဓေနှင့်တကွ အသက် ၂၀–ပြည့်သူ ဖြစ်ရမည်ဟု သတ်မှတ်ထားသည်၊[၃] အသက် ၂၀–မပြည့်သူများသည် အချမ်း, အပူနှင့် ဆာလောင် မွတ်သိပ်မှုစသော ဘေးရန်များကို သည်းခံနိုင်စွမ်း မရှိကြပေ။[၄]

## ပဗ္ဗဇိတအမျိုးမျိုး

သာသနာ့ဘောင်သို့ ဝင်ရောက်၍ ရှင်ရဟန်းပြုလိုသူများ၏ ရည်ရွယ်ချက်ကို အမျိုးမျိုးတွေ့ရသည်၊ သံသရာဝဋ်မှ ထွက်မြောက် လို၍ ရဟန်းပြုကြသည်လည်း ရှိသည်၊[၅] တချို့မှာ ရှင်သုဒိန်, ရှင်ရဋ္ဌပါလတို့ကဲ့သို့ ယုံကြည်ချက် ပြင်းပြစွာဖြင့် ရှင်, ရဟန်း ပြုကြသော သဒ္ဓါပဗ္ဗဇိတများ ဖြစ်ကြသည်၊[၆] တစ်ချို့လည်း

---

၁။ ပိ ၃-၁၂၆။ ၂။ ဝိဋ္ဌ ၃-၃၁၃။ ၃။ ဝိ ၃-၁၀၉။
၄။ သံ ၂-၇၆။ ၅။ မ ၂-၂၅၆။ ၆။ ဝိဋ္ဌ ၁-၃၁။

ရှင်မောဂ္ဂလိပုတ္တတိဿထေရ်၊ ရှင်နာဂသေနထေရ်၊ ရှင်မဟာဗုဒ္ဓဃောသ တို့ကဲ့သို့ ပညာသင်ကြားလိုသော ရည်ရွယ်ချက်ဖြင့် ရှင်, ရဟန်းပြုကြသော ပညာပဗ္ဗဇိတများ ဖြစ်ကြသည်၊¹ ရည်ရွယ်ချက်မရှိဘဲ ကိုရင်အဖြစ်ဖြင့် အသက် ၂၀-ပြည့်လို့ ရဟန်းအဖြစ်သို့ ရောက်လာကြသော ဖာသာလဝါ (မိရိုးဖလာ) ပဗ္ဗဇိတများနှင့် ဘယာပဗ္ဗဇိတများလည်း ရှိကြသေးသည်။

သာသနာ့ဘောင် ဝင်ရောက်ပြီး အချောင်နေသူများကို ရည်ရွယ်၍-

''အိပ်လိုရဟန်း၊ စားလိုမှန်း၊ ဝန်ထွန်းလုပ်ဝါလေ''

ဟူ၍ ကဝိလက္ခဏာ သတ်ပုံဆရာ မိန့်ဆိုခဲ့ခြင်းဖြစ်ပါသည်။

ရှင်, ရဟန်းလောင်းပြုကြခြင်း၏ရည်ရွယ်ချက် အမျိုးမျိုး ရှိသော်လည်း မြတ်ဗုဒ္ဓ အလိုကျအောင် -

'' သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ ''

ဟူ၍ ရှေးဆရာများ စီစဉ်ထားပါသည်။

---

၁။ မိလိန္ဒ ၃၀။

## ရှင်ရဟန်းအဖြစ်ခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် ဘုရားဖြစ်စ၌ ရဟန်းပြုလိုသူ များကို ဧဟိ ဘိက္ခု ခေါ်၍ ကိုယ်တော်တိုင် ရဟန်းပြုပေးတော်မူသည်၊[၁] ဧဟိဘိက္ခု ရဟန်း ဖြစ်ဖို့ လုံးလောက်သော ရှေးဘုန်း,ရှေးကံပါသူ အနည်းဆုံး သောတာပန်အဆင့်ရှိသည့် အရိယာပုဂ္ဂိုလ်မျိုး ကိုသာလျှင် ဧဟိ ဘိက္ခု ခေါ်၍ ရဟန်းပြုပေးပါသည်၊[၂] ဘုရား လက်ထက်က ဧဟိ ဘိက္ခု ရဟန်းပေါင်း(၂၈၆၃၁)နှစ်သောင်း ရှစ်ထောင် ခြောက်ရာလေးဆယ့်တစ်ပါး ရှိသည်၊[၃] နောင်အခါ အနယ်နယ်အရပ်ရပ်တိုင်း၌ ရှင်,ရဟန်းပြုဖို့ လွယ်ကူစေရန် ''သရဏဂုံသုံးပါး ဆောက်တည်စေ၍ ရှင်,ရဟန်း ပြုပေးကြ''ဟု ရဟန်းတော်များကို တာဝန်ခွဲဝေ ပေးလိုက်သည်၊[၄] ထိုအချိန်မှစ၍ သရဏဂုံသုံးပါး ဆောက်တည်စေ ခြင်းဖြင့်ပင် ရှင်ပြုခြင်းကိုစွ၊ ရဟန်းပြုခြင်းကိုစွ၊ နှစ်မျိုးစလုံးကို ရဟန်းတော်များပြုလုပ် ပေးကြသည်၊ ဤ သရဏဂုံဖြင့် ရဟန်း ဖြစ်သူများကို **သရဏဂမဏ** ရဟန်းဟု ခေါ်သည်။

တစ်ဖန် ရာဓပုဏ္ဏားရဟန်းပြုချိန်မှစ၍ သရဏဂုံဖြင့် ရဟန်းပြုခွင့်ကိုရုပ်သိမ်း၍ ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးရန် ခွင့်ပြုတော်မူသည်၊[၅] ဉတ္တိစတုတ္ထ ခွင့်ပြုချိန်သည် ဘုရားဖြစ်ပြီးနောက်

---

၁။ ဝိ ၃-၁၈/၂၄/၂၆/၂၇။ ၂။ ၃။ ဝိ ၄ ၁-၂၀၆။
၄။ ဝိ ၃-၂၉။ ၅။ ဝိ ၃-၃၀။

(၉)လကျော် (၁၀)လအတွင်း (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့် နှင့် တပေါင်းလပြည့်တို့အကြား) ဖြစ်သည်။[၁]

ထိုအချိန်မှစ၍ ယနေ့တိုင်အောင် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးခွင့် တည်ရှိနေသည်၊ ရှင်သာမဏေပြုခွင့်ကိုကား သရဏဂုံဖြင့်ပင် မူလအတိုင်း ဆက်လက် ခွင့်ပြုထားသည်။

## ထူးခြားချက်

ထူးခြားချက်မှာ- သရဏဂုံဖြင့် ရဟန်းပြုပေးခြင်း၌ ရဟန်းတစ်ပါးတည်းက သူ့ဆန္ဒအတိုင်း ရဟန်းလောင်းကို ရဟန်းပြု ပေးနိုင်သည်၊

ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးရာ၌ကား သံဃာ့အဖွဲ့ကသာ ရဟန်းပြုပေးနိုင်ခွင့် ရှိသည်၊ ရဟန်းပြုပေးနိုင်သော သံဃာ့အဖွဲ့ဟူသည် အိန္ဒိယပြည်မဇ္ဈိမဒေသ၌ အနည်းဆုံး၁၀-ပါး၊ သီရိလင်္ကာ, မြန်မာစသော အခြားအရပ်ဒေသများ၌ အနည်းဆုံး ၅-ပါး တက်ရောက်သည့် သံဃာ့အစည်းအဝေးတွင် ပါဝင်သော သံဃာများ ဖြစ်သည်။

ထိုအစည်းအဝေးသို့ သက်ဆိုင်ရာ နယ်နိမိတ် (သိမ်) တစ်ခု

---

၁။ မဟာဗုဒ္ဓဝင် ဆ-၅၈၁။

အတွင်းရှိ သံဃာအားလုံးသော်လည်း တက်ရောက်ရသည်၊[၁] ဆန္ဒကိုသော်လည်းရယူရသည်၊ ထိုအစည်းအဝေးသို့တက်ရောက်သူ သံဃာအားလုံးက ကန့်ကွက်သူမရှိ အတည်ပြုပေးမှသာ ရဟန်း လောင်း၏ ရဟန်းအဖြစ် အတည်ဖြစ်တော့သည်။

## ရှင်ပြုပုံအစီအစဉ်

ရှင်ပြုရာ၌ လိုရင်းအင်္ဂါသုံးရပ် ပြည့်စုံမှသာ ရှင်သာမဏေ ဖြစ်နိုင်သည်။ ယင်း(၃)ရပ်တို့ကား–

၁။ ဆံမုတ်ဆိတ်ပယ်ခြင်း (လူ့အသွင်ပျောက်ရန်)

၂။ သင်္ကန်းဝတ်ခြင်း (သာမဏေ အသွင်ရောက်စေရန်)

၃။ သရဏဂုံဆောက်တည်ခြင်း–တို့ပင်တည်း[၂]။

ဤအင်္ဂါ(၃)ရပ်တွင် ဆံမုတ်ဆိတ်ပယ်ခြင်းကိစ္စကို ရဟန်း, ရှင်, လူ မည်သူမဆို သင့်လျော်သလို ပြုလုပ်ပေးနိုင်သည်၊ သင်္ကန်းဝတ်မှုကိုကား ရဟန်းတော်တို့၏ ခွင့်ပြုချက် ရယူပြီးမှသာ တစ်ဦးဦးက ပြုလုပ်ပေးနိုင်သည်၊ ရဟန်းတော်တို့၏ ခွင့်ပြုချက်မရပဲ သင်္ကန်းဝတ်လျှင် လိင်္ဂတ္ထေနက (အသွင်ခိုးမှု) ဖြစ်သွားနိုင်သည်၊ သရဏဂုံပေးမှုကို ရဟန်းများကိုယ်တိုင်သာ ပြုလုပ်ရသည်၊

---

၁။ မဟာဝဂ္ဂပါဠိ ဆ-၅၈၁။ ၂။ သာရတ္ထ ၃-၂၀၁။

လူဝတ်ကြောင်နှင့် သာမဏေများက သရဏဂုံပေးလျှင် ကိုရင်မဖြစ်၊ အဆိုပါ အင်္ဂါ(၃)ရပ်တို့တွင် သရဏဂုံ ဆောက်တည်မှု အင်္ဂါသည် အရေးအကြီးဆုံးဖြစ်၏၊ ဆရာတပည့်နှစ်ဦးစလုံး ပီပီသသ သရဏဂုံ ပါဠိ ရွတ်ဆိုနိုင်မှသာ ရှင်သာမဏေ အစစ် ဖြစ်နိုင်သည်။

## ရှင်သာမဏေဖြစ်ချိန်

သရဏဂုံပီပီသသအောင်မြင်လျှင် ''တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ'' ၌ ''မိ'' အက္ခရာအဆုံးတွင် ရှင်သာမဏေ အစစ် ဖြစ်လေတော့သည်၊[၁] သာမဏေတို့ ကျင့်သုံးအပ်သော သီလ၊ သိက္ခာ၊ ကျင့်ဝတ်အားလုံးတို့ ကိုရင့်သန္တာန်၌ တည်ရှိပြီး ဖြစ်တော့သည်၊ သီလခံယူ ဆောက်တည်ဖွယ် မလို၊ ခံယူဆောက်တည် သော်လည်း အပြစ်မရှိ၊ မှတ်မိစေခြင်း၊ ကျေပွန်စေခြင်း စသည့်အကျိုးများ ရရှိနိုင်သည်။

သာမဏေဖြစ်ပြီးနောက် ဥပဇ္ဈာယ်အင်္ဂါနှင့်ပြည့်စုံသော ဆရာထံမှာ -

''ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ''

ဟု (၃)ခေါက်ရွတ်ဆို၍ ဥပဇ္ဈာယ် ယူရမည်။

---

၁။ ဝိနယသံဇိပ်

သာမဏေများသည် ၁၀–ပါးသီလ၊ ပစ္စဝေက္ခဏာ၊ လိင် ၁၀–ပါး၊ ဒဏ်၁၀–ပါး၊ သေခိယဂျ၅–ပုဒ်၊ ခန္ဓကဝတ် ဤ သီလ ကျင့်ဝတ် သိက္ခာများကို လိုက်နာကျင့်သုံးရမည်။

## အရိယာ နတ်ဗြဟ္မာတို့၏အမြင်

ရှင်ပြု (ကိုရင်ဝတ်) သည်ကို–

၁။ ဆံချ,

၂။ သင်္ကန်းဝတ်,

၃။ သရဏဂုံ ခံယူ

ဤလုပ်ငန်း (၃)ရပ် မျှသာဟု သာမန်လူတွေက မြင်ကြသည်၊ အရိယာနတ် ဗြဟ္မာများကတော့ ဤလို မမြင်ကြပေ၊ ကိလေသာ စစ်ပွဲ ဆင်နွဲရန် ပြင်ဆင်နေသည်ဟု မြင်ကြသည်၊ မှန်ပါသည်၊ ဆံပင်ဟူ တပ်မက်သော တဏှာကို ပယ်၍ တွန်းလှန် တိုက်ဖျက်ရန် ဆံချနေ သည်ဟုလည်းကောင်း၊ ရန်သူကြောက်လန့်အောင် စစ်ယူနီဖောင်း ဝတ်သကဲ့သို့ ကိလေသာရန်သူများ ကြောက်လန့် အောင်, မဝင်နိုင် အောင် သင်္ကန်းဝတ်သည်ဟုလည်းကောင်း၊ ကိလေသာရန်သူများ ထွက်ပြေးအောင် သရဏဂုံ မန္တာန် ရွတ်ဆို နေသည်ဟုလည်းကောင်း မြင်ကြပြီး ကောင်းချီးဟစ်အော် ကြွေးကြော် ကြကုန်သည်။[၁]

၁။ ဣတိဝုတ် ဒေဝသဒ္ဒသုတ် ၂၄၆။

## ဒုတိယကြွေးကြော်သံ

ကိုရင်များ ပစ္စယသန္နိဿိတသီလ ပြည့်စုံအောင် ပစ္စဝေက္ခဏာဖြင့် ပုတီး စိပ်နေသောအခါ -

- သတိထားပြီးပုတီးစိပ်လျှင် သတိပဋ္ဌာန် ဖြစ်သည်။
- အားထုတ်စိပ်လျှင် သမ္မပ္ပဓာန်ဖြစ်သည်။
- ယုံကြည်သော သဒ္ဓါသရားဖြင့် စိပ်လျှင် သဒ္ဒိန္ဒြေ သဒ္ဓါဗိုလ်စသောဗောဓိပက္ခိယ တရားများဖြစ်သည်။

ဤသို့ ဗောဓိပက္ခိယတရားများ ပွါးများနေသည်ကိုမြင်၍ ကိလေသာ တိုက်ဖျက်ရေးစစ်ပွဲ ဆင်နွှဲနေကြသည်တကား- ဟု ဒုတိယအကြိမ် ကောင်းချီးဟစ်အော် ကြွေးကြော်ကြပြန်သည်[၁]။

## တတိယကြွေးကြော်သံ

ဆိုခဲ့ပြီးအတိုင်း ဗောဓိပက္ခိယတရားများ ဖြစ်ပွါးနေခြင်းကြောင့် (ပါရမီ ပြည့်သူဖြစ်လျှင်) အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ရောက်နိုင်သည်၊ ကိုရင်များ အရဟတ္တဖိုလ် ရသည်ကို မြင်သောနတ်. ဗြဟ္မာများသည် ''အောင်ပွဲခံသွားပြီ'' ဟု တတိယအကြိမ် ကောင်းချီးဟစ်အော် ကြွေးကြော်ကြပြန်သည်[၁]။

---

၁။ ဣတိဝုတ် ဒေဝသဒ္ဒသုတ်နှင့် တိပိဋကဆရာတော် ဦးဝိစိတ္တသာရာဘိဝံသ ဟောပြောချက်။

ပုတီးစိပ်ပြီး ဗောဓိပက္ခိယတရားများ ပွါးများလျှင် ယခုဘဝမှာ အရဟတ္တဖိုလ်သို့ မရောက်စေကာမူ နှစ်ဘဝ သုံးဘဝ ဖြင့်ပင် ရနိုင်ရောက်နိုင်ပါသည်၊ မှန်၏၊ သစ္စကပရိဗိုဇ်အတွက် သုတ် နှစ်သုတ်ကို ဘုရားရှင်ဟောသော်လည်း သစ္စကပရိဗိုဇ်မှာ သရဏဂုံသော်မှ မတည်ပေ၊ သို့သော် အထုံဝါသနာ အကျိုးကို ရည်ရွယ်၍ ဟောခြင်းဖြစ်သည်၊ သစ္စကပရဗိုဇ်သည် အထုံဝါသနာရပြီး ၎င်းအထုံဝါသနာက ကျေးဇူးပြုသောကြောင့် သာသနာနှစ် (၄၀၀) ဘဝအားဖြင့် (၅) ဘဝလောက်မှာပင် သီဟိုဠ်ကျွန်း၌ **ကာဠဗုဒ္ဓရက္ခိတထေရ်** အဖြစ်နှင့် ရဟန္တာဖြစ်သွားပါသည်၊ ဤသည်ကို ထောက်လျှင် [၁] အောင်ပွဲခံရဘို့ အရေး လက်တစ်ကမ်းမျှသာဟု ဆိုနိုင်သည်။

## ရဟာန်းခံ

အရဟန္တ–မှ ရဟန္တာ၊ ယင်းမှ တစ်ဆင့် ရဟာန်းဟု ဝေါဟာရ အဆင့်ဆင့် ပြောင်းလဲလာသည်၊ ရဟာန်းအဖြစ် ခံယူမှုကို ရဟာန်းခံဟု ခေါ်သည်။

---

၁။ ဣတိဝုတ် ဒေဝသဒ္ဒသုတ်နှင့် တိပိဋကရေဆရာတော် ဟောပြောချက်။

## ရဟန်းအဖြစ် ရပုံ (၈)မျိုး

ရဟန်းအဖြစ်သို့ ရောက်ရှိပုံ (၈)မျိုးရှိသည်။ ၎င်းတို့မှာ–

၁။ ဧဟိဘိက္ခုရဟန်း- ဧဟိဘိက္ခု ( ချစ်သားရဟန်း လာလော့) ဟူသော မြတ်စွာဘုရား၏ စကားတော်ကြောင့် ရဟန်းအဖြစ်သို့ရောက်သူ။

၂။ သရဏာဂမဏာရဟန်း - သရဏဂုံဖြင့် ရဟန်းဖြစ်သူ

၃။ ဩဝါဒ ပဋိဂ္ဂဟဏာရတန်း - မြတ်စွာဘုရား၏ ဩဝါဒကို လက်ခံသဖြင့် ရှင်မဟာကဿပအား ခွင့်ပြုအပ်သော ရဟန်းအဖြစ်( ရှင်မဟာကဿပ တစ်ပါး တွက်သာ )

၄။ ပဉှာဗျာကရဏ ရဟန်း- ပြဿနာ ဖြေဆိုနိုင်သဖြင့် သောပါက သာမဏေအတွက် ခွင့်ပြုအပ်သောရဟန်းအဖြစ်၊

၅။ ဂရုဓမ္မ ပဋိဂ္ဂဟဏာ ရဟန်း -(ဂရုဓမ်(၈)ပါးကို ခံယူသဖြင့် မဟာပဇာပတိဂေါတမီအား ခွင့်ပြုသော ရဟန်းအဖြစ်)

၆။ ဒူတေနရဟန်း-(အဍ္ဍကာသီအမျိုးသမီးအား တမန်သည်မှ တဆင့် ခွင့်ပြုသော ရဟန်းအဖြစ်)

၇။ အဋ္ဌဝါစိကာ ရဟန်းမ- (ဘိက္ခုသံဃာ့ထံမှာ တစ်ကြိမ်၊ ဘိက္ခုနီ သံဃာ့ထံမှာတစ်ကြိမ် ဉတ္တိစတုတ္ထကံ ပြုရသဖြင့် ဉတ်နှင့်ကမ္မဝါစာ ရှစ်ကြိမ် ဖတ်မှ ရဟန်းဖြစ်သော ဘိက္ခုနီများ)

၈။ ဉတ္တိစတုတ္ထကမ္မရဟန်း - ဉတ္တိစတုတ္ထ ကံဖြင့် ရဟန်းဖြစ်သူ (ယခုခေတ် ရဟန်းတော်များ[1] )

---

၁။ ဝိ-၄ ၁-၂၀၅၊ ၆၊ ၇။

ထို(၈)မျိုးတို့တွင် ယခုခေတ်၌ ဥတ္တိစတုတ္ထရဟာန်း တစ်မျိုးသာ ရှိနိုင်တော့သည် [၁]။

## ယခုခေတ်နှင့် ဘိက္ခုနီ

ဥတ္တိစတုတ္ထ ကမ္မူပသမ္ပဒါ၊ ဒူတေနုပသမ္ပဒါ၊ အဋ္ဌဝါစိကူပသမ္ပဒါ ဤ(၃)မျိုးသည် အမြဲထာဝရတည်၏၊ ကျန်(၅)မျိုးကား ဘုရားလက်ထက်မှာသာရှိ သည်ဟု သမ္မောအဋ္ဌကထာ၌ ဆိုသည် [၂]၊ ယင်းအဆိုကိုထောက်လျှင် ဘိက္ခုနီများ သာသနာကွယ်သည်အထိ အမြဲတမ်း တည်ရှိနေသည်ဟူသော ကောက်ချက်ကို ရနိုင်သည်။

## ရဟာန်းမြောက်ရန် အင်္ဂါ (၅) တန်

ယခုအခါ ရဟာန်းဖြစ်အောင် ဥတ္တိစတုတ္ထကမ္မဝါဖြင့် ပြုလုပ်ရသည်၊ ယင်းသို့ ရဟာန်းဖြစ်အောင် ပြုလုပ်ခြင်းကိုလည်း ရဟာန်းခံသည်ဟု ခေါ်ကြသည်။ ထိုရဟာန်းခံကိစ္စ ပြီးမြောက်စေရန် အင်္ဂါ(၅)ရပ်တို့ကား –

၁။ ဝတ္ထုသမ္ပတ္တိ – ရဟာန်းလောင်း၏ပြည့်စုံမှု၊
၂။ ဥတ္တိသမ္ပတ္တိ – ဥတ်၏ ပြည့်စုံမှု၊

---

၁။ ဝိ-၄-၂-၂၀၇။ ၂။ အဘိဋ ၂-၃၁၆။

၃။ အနုသာဝနသမ္ပတ္တိ - ကမ္မဝါစာ၏ ပြည့်စုံမှု၊
၄။ သီမာသမ္ပတ္တိ - သိမ်၏ပြည့်စုံမှု၊
၅။ ပရိသာသမ္ပတ္တိ - ရဟန်းခံပေးမည့် သံဃာ့ပရိသတ်၏ ပြည့်စုံမှုတို့ပင်တည်း[၁]။

ဤအင်္ဂါ(၅)ရပ် ပြည့်စုံမှ ရဟန်းဖြစ်ခြင်းကြောင့် ပဥ္စင်ဟုလည်းကောင်း။ ''ပဥ္စင်း'' ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်၊ ထို ပဥ္စင်းကိုပင် လေးစားအပ်သူဖြစ်၍ ''ဦး'' တပ်ပြီး ''ဦးပဥ္စင်း'' ဟုခေါ်ကြသည်၊ တစ်နည်းအားဖြင့်လည်း သီရိလင်္ကာနိုင်ငံ၌ ရဟန်းတော်များကို ဥပသမ္ပန္န-ဟုလည်းကောင်း၊ ဥပသမ်-ဟုလည်းကောင်း ခေါ် သည်၊ ဥပသမ်-ကို သီရိလင်္ကာ အသံဖြင့် ဥပစမ်, ဥပစမ်း-ဟု ခေါ်သည်၊ မြန်မာ အသံဖြင့် ဥပစမ်းကို ဦးပစင်း-ခေါ်ခြင်းလည်း ဖြစ်နိုင်သည်။

## ဝတ္ထုသမ္ပတ္တိ

ရဟန်းခံမှု ကိစ္စအဝဝသည် ရဟန်းလောင်းအပေါ် မူတည်၍ ဖြစ်ရသည်၊ ရဟန်းလောင်းကို ရဟန်းခံမှုကိစ္စ (ဥပသမ္ပဒကံ)၏ တည်ရာဖြစ်သောကြောင့် ဝတ္ထုဟုခေါ်သည်။

---

၁။ ကင်္ခါ ၁၀၄။

ဝတ္ထုသမ္ပတ္တိ (အရည်အချင်းပြည့် ရဟန်းလောင်း)ဖြစ်ရန် ဆိုလတ္တံ့သော အချက်များလိုအပ်သည်။

၁။ ပဉ္စသနွေနှင့် တကွ အသက်(၂၀)ပြည့်သူဖြစ်ရခြင်း၊

၂။ ပါရာဇိက ကျပြီးသူ မဟုတ်ရခြင်း၊

၃။ ပဏ္ဍုတ်စသော ရှင်ရဟန်း မဖြစ်ထိုက်သူ (၁၁)ယောက်တွင် မပါဝင်ရခြင်း။

ဤအင်္ဂါရပ်များနှင့် ပြည့်စုံလျှင် အရည်အချင်းပြည့် ရဟန်းလောင်း ဖြစ်တော့သည်[၁]၊ ထိုအင်္ဂါရပ်များအပြင် လူဇာတ်ရှိသူ ယောကျာ်း ဖြစ်ခြင်း ဟူသော အင်္ဂါကို အပိုထည့်ကြသေးသည်[၂] သို့သော် အဘဗ္ဗ ပုဂ္ဂိုလ်တွင်ပါဝင်သော တိရစ္ဆာန်နှင့် ပဏ္ဍုတ်မဟုတ်ရခြင်း အင်္ဂါဖြင့် ပင် ယောကျာ်းဖြစ်ခြင်းဟူသော အင်္ဂါ ဖြစ်ပြီးတော့သည်။

## ဘောင်းဘီဝတ်နှင့် ဆံရှည်ကိုယ်တော်

ဝတ္ထုသမ္ပတ္တိအင်္ဂါတွင် သာမဏေဖြစ်ရမည်ဟု မဆိုခြင်း ကြောင့် သာမဏေ မဟုတ်သူ လူကို ရဟန်းခံပေးလျှင်လည်း ရဟန်းဖြစ်နိုင်သည်၊[၃] ဆံမုတ်ဆိတ်ပယ်ခြင်း၊ သင်္ကန်းဝတ်ခြင်း ဟူသော အင်္ဂါရပ်များ မပါခြင်းကြောင့် ပုဆိုး၊ အင်္ကျီ၊ ဘောင်းဘီ

---

၁။ ကင်္ခါ ၁၀၄။ ၂။ ဝိမတိ ၂-၁၃၅။

၃။ ပါတိမောက် ဘာသာဋီကာ ဦးနဝိသတိဝံသ သိက္ခာပုဒ်။

ဝတ်သူများကို ရဟန်းပြုပေးလျှင်လည်း ရဟန်းဖြစ်နိုင်သည်၊[၁] ထိုသို့ ရဟန်းဖြစ်နိုင်သော်လည်း ရှင်ရဟန်းအသွင်ရှိသူကို ရဟန်းခံခြင်းသည်သာ အပြစ်ကင်း၍ သာသနာတော်နှင့် သင့်လျော်ပေသည်၊ မှန်၏၊ သပိတ်သင်္ကန်းမပြည့်စုံသူကို ရဟန်းခံပေးက ဒုက္ကဋ် အာပတ်သင့်၏၊[၂] ထို့ကြောင့် ရှေးခေတ်မှ ယနေ့ခေတ်တိုင်အောင် ဆရာတော်များသည် လူဝတ်စားနှင့်သူကို ရဟန်းခံပေးလေ့မရှိကြ။

## ဉတ်ကမ္မဝါစာ၏ ပြည့်စုံမှု

ဉတ်နှင့် ကမ္မဝါစာ ပါဠိများကို စနစ်တကျ မှန်ကန်ပြည့်စုံစွာ ရွတ်ဆိုလျှင် ဉတ်၏ ပြည့်စုံမှု၊ ကမ္မဝါစာ၏ ပြည့်စုံမှုဖြစ်တော့သည်၊ (အကျယ်လိုလျှင် ပါဠိ+အဋ္ဌကထာတို့မှာ ယူပါလေ)[၃]။

## သိမ်၏ပြည့်စုံမှု

နယ်ပယ်အပိုင်းအခြားကို သိမ်ဟုခေါ်သည်။

ထိုသိမ်သည်–

၁။ ရဟန်းတော်များက ကမ္မဝါစာဖြင့် ဖွဲ့စပ် သမုတ်ထားသော (ဗဒ္ဓ)သိမ်၊

---

၁။ ဝဇိရဗုဒ္ဓိ ၄၁၁။ ၂။ ဝိ ၃-၁၂၅။ ၃။ ကင်္ခါ၊ ၁၁၃။

၂။ ကမ္မဝါစာဖြင့် မသမုတ်ရပဲ ပင်ကိုယ်ကပင် သိမ်ဖြစ်နေသော သိမ်ဟုနှစ်မျိုး ရှိသည်၊[၁] မည်သည့် သိမ်ဖြစ်စေ သိမ်အင်္ဂါ လက္ခဏာနှင့် ညီညွတ်လျှင် သိမ်၏ပြည့်စုံမှု ဖြစ်တော့သည်၊[၂]

## ပရိသတ်၏ပြည့်စုံမှု

မြတ်စွာဘုရားသည် သံဃာညီညွတ်ရေးကို အမြဲ ဦးစား ပေးသည်။ လုပ်ငန်းတိုင်း၌ စိတ်တူကိုယ်မျှဖြစ်စေရန် ညွှန်ကြား တော်မူခဲ့သည်၊ ညီညွတ်ရေးကို ရှေးရှုပြီး ပရိသတ်အရ ရဟန်းခံ ကိစ္စတွင် ပါဝင် ဆောင်ရွက်သော သံဃာ့ပရိသတ်ကို ယူရမည်။

သံဃာ ညီညွတ်ရေးဟူသော ပရိသတ်ပြည့်စုံမှု ဖြစ်ရန် အင်္ဂါ(၃)ရပ် လိုအပ်သည်။ ယင်းတို့မှာ–

၁။ ရဟန်းခံကိစ္စဆောင်ရွက်ရာ အစည်းအဝေးဌာနသို့ လုံလောက်သော သံဃာအရေအတွက် ပါဝင်တက်ရောက် ခြင်း၊

၂။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိလျက် မတက်ရောက် နိုင်သူများ၏ သဘောတူကြောင်း ဆန္ဒကို ယူခြင်း၊

၃။ အစည်းအဝေး တက်ရောက်သူ သံဃာများတွင် တစ်ဦး

---

၁။ ကင်္ခါ-၉၃။ ၂။ ကင်္ခါ-၁၀၆။

အမှတ် ....
ရက်စွဲ ....
၂၁
သုတေသနဗြဟ္မစိုရ်ဌာန ...သုံး ...စာကြည့်တိုက်

တစ်ယောက်မျှ ကန့်ကွက်မှု မရှိခြင်းတို့ဖြစ်သည်။

ဤရဟန်းခံကိစ္စအတွက် မြန်မာနိုင်ငံ၌ အနည်းဆုံး သံဃာ (၅)ပါး ပါဝင်တက်ရောက်မှ အောင်မြင်ပြီးမြောက်နိုင်မည်။

## မျက်မှောက်ကန့်ကွက်မှု

သံဃာများ ကံကြီး, ကံငယ် ဆောင်ရွက်ရာ၌ အစည်း အဝေးတွင် ပါဝင်သော သံဃာတစ်ပါးပါး ကန့်ကွက်ရုံနှင့် ကံပျက် တော့သည်၊[၂] ယခုခေတ် အစည်းအဝေးတို့၌ကား ထက်ဝက်သော် လည်းကောင်း၊ ထက်ဝက်ကျော်ကျော်သော်လည်းကောင်း ကန့်ကွက်မှသာ ကန့်ကွက်မှု အောင်မြင်သည်။

ကန့်ကွက်ရာတွင်လည်း တစ်သိမ်တည်း၌တည်သူ, တူသော သံဝါသရှိသူ, ပကတတ်ဖြစ်သူ ဤရဟန်းများ ကန့်ကွက် နိုင်ခွင့် ရှိသည်၊[၃]

ကံပြုထိုက်သူ၊ ဥက္ခိတ္တကစသော သံဝါသမရှိသူ၊ စိတ်ပျံလွင့် နေသော အရူး၊ ဒုက္ခဝေဒနာအပြင်းအထန် နှိပ်စက်ခံနေရသူ ဤရဟန်းများ ကန့်ကွက်ပိုင်ခွင့်မရှိ၊ ထိုသူများ ကန့်ကွက်သော် လည်း ကံမပျက်[၄]။

---

၁။ ဝိမတိ ၂-၁၃၆။ ၂။ ကင်္ခါ-၁၁၃။
၃။ ဝိ ၂-၄၄၃။ ၄။ ခုဒ္ဒသိက္ခာ-၂၀၆။

၂၆၈၇၄

အဇ္ဈတ္တ(မတရား) ကံပြုနေလျှင် (အသက်အန္တရာယ်၊ ဗြဟ္မစရိယ အန္တရာယ်မရှိက) ထိုကံကို မိမိတို့ သဘောမတူကြောင်း အတိအလင်းပြောပြ၍ တားမြစ်ကန့်ကွက်ရမည်၊ အန္တရာယ် ရှိလျှင်ကား မိမိတို့ဘက် နှစ်ပါး သုံးပါးသာရှိလျှင် –

''ဤကံကို ငါတို့ သဘောမတူ'' ဟု

ခပ်တိုးတိုး မိမိတို့ အချင်းချင်း မိမိတို့ အယူ အဆကို ထင်စွာပြုရမည်၊ သဘောလည်းမတူ၊ အန္တရာယ်လည်းမရှိ၊ မိမိတစ်ပါးတည်းလည်း ဖြစ်က –

''ငါ တော့သဘောမတူ'' ဟု

စိတ်ထည်း၌သာ ဆောက်တည်ထားရမည် [၁]။

''ကန့်ကွက်တားမြစ်သည်'' ဆိုရာ၌ ဤကံကို မပြုကြပါနှင့်ဟူ၍လည်းကောင်း၊ ပြု၍မတော်ဟူ၍လည်းကောင်း၊ ပြုသည်ကို ငါတို့မကြိုက်၊ ငါတို့သဘောမတူ ဟူ၍လည်းကောင်း၊ ကမ္မဝါစာပုံကို သဘောမကျဟူ၍လည်းကောင်း၊ ဤသို့ အစရှိသဖြင့် တားမြစ်ခြင်းအံ၊ ကဲ့ရဲ့ပြစ်တင်စကား ပြောဆိုခြင်းအံ့၊ အများ ကြားအောင်ပင် မပြောသော်လည်း မိမိ၏အနီး၌ ရှိသောသူ အချင်းချင်းအား တိုးတိုးစကား ပြောဆိုခြင်းအံ့၊ ကောင်းသောစိတ်နှင့် ပြောသည်

---

၁။ ဝိ ၃-၄၄၃။

ဖြစ်စေ၊ မကောင်းသောစိတ်နှင့် ပြောသည်ဖြစ်စေ၊ ထိုကံ ပျက်တော့သည်၊ ထိုတားမြစ်မှုနှင့် တိုက်ဆိုင်မိသော ဉတ်, ကမ္မဝါစာအကြိမ် ပျက်၏၊ ဆုံးအောင်ရွတ်သွားသော်လည်း ကံ မမြောက်ပြီ၊ ထိုတားမြစ်ခံရသော နေရာ၌ ရပ်တန့်၍ တားမြစ်သူနှင့် ပြောဆိုပြီး ငြိမ်းပြီးမှ **သုဏာတု မေ** –စသည်ဖြင့် ပြန်၍ ဖတ်ရသည်၊ ၂–ပါး၃–ပါး ပြိုင်၍ ဖတ်ကြရာ၌လည်း တစ်ပါးပါးက နောက်ကျ၍ နေခဲ့သော်လည်းကောင်း၊ စာပျောက်၍နေခဲ့သော်လည်းကောင်း၊ ရပ်ပါဦး, ဆိုင်းပါဦးဟု ဆိုကြသည်များလည်း တားမြစ်ရာရောက်သည်။ သတိပြုကြပါကုန်[၁]။

ယခုအခါ သံဃာ့ကံ ဆောင်ရွက်ကြရာ၌ မထေရ်ကြီးကဖြစ်စေ, တာဝန်ရှိသူ တစ်ပါးပါးကဖြစ်စေ, ကံပြုရာတွင် ပါဝင်သော သံဃာ့ ပရိသတ်ကို ကြိုတင် သတိပေးစကား ပြောထားသင့်သည်၊ သဘော မကျတာရှိက သိသာအောင် ပြောပြရန်နှင့် အချင်းချင်း တီးတိုးစကား မပြောမိဖို့ရန် အသိပေးထားရမည်။

ရဟန်းခံကိစ္စ၌ ဆိုခဲ့ပြီးသောအင်္ဂါ၅–ရပ် ပြည့်စုံဖို့ အရေးကြီးသည်၊ အင်္ဂါရပ်တစ်ခုခု ချွတ်ယွင်းလျှင် အဆောင် အယောင် မည်မျှပင် ကြီးကျယ် ခမ်းနားစေကာမူ ရဟန်းမဖြစ်တော့၊ ထို့ကြောင့်

---

၁။ ဝိနယသံခိပ် ၁၁၄-၅။

အင်္ဂါ(၅)ရပ် ပြည့်စုံအောင် အထူးဂရုစိုက်သင့်သည်။

## ကြိုတင်စီစဉ်မှု

ရဟန်းခံကိစ္စကို အောင်မြင်အောင် ဦးဆောင်လိုသော ရဟန်းသည် -

၁။ အရည်အချင်းပြည့် ရဟန်းလောင်းပုဂ္ဂိုလ်၊
၂။ အရည်အချင်းပြည့် ဥပဇ္ဈာယ်ပုဂ္ဂိုလ်၊
၃။ အရည်အချင်းပြည့် ကမ္မဝါစာ ဆရာ၊
၄။ ရဟန်းခံ ကိစ္စအတွက် ပြည့်စုံလုံလောက်သော ကာရကသံဃာ၊ ဤအချက်တို့ကို ပြည့်စုံအောင် ကြိုတင် စီမံထားရမည်၊ ထို့နောက် သိမ်ထဲ၌ -

၁။ တံမျက်လှည်းခြင်း
၂။ ဆီမီးညှိထွန်းခြင်း
၃။ သောက်ရေ သုံးဆောင်ရေ တည်ထားခြင်း၊
၄။ နေရာခင်းခြင်း-ဟူသော ပုဗ္ဗကရဏ(၄)ပါးကို ဥပေါသထကံမှာကဲ့သို့ စီစဉ် ထားနှင့်ရမည်၊

ဤလုပ်ငန်း ၄- ရပ်သည် ဥပုသ်ကံမှာသာမဟုတ် သံဃာ့ကံ

အားလုံး နှင့် သက်ဆိုင်သည်ဟု မှတ်ရမည်[၁]၊ ဤသို့လျှင် ကြိုတင် ပြည့်စုံသင့်သည်များကို ပြည့်စုံစေပြီး ရဟန်းခံကိစ္စကို ဆောင်ရွက်ရမည်။

## ရဟန်းခံအစီအစဉ်

ရဟန်းခံကိစ္စ၌ ဉတ်၊ ကမ္မဝါစာ ဖတ်ခြင်းကိစ္စသည်သာ ပဓာနအကျဆုံး ဖြစ်၏၊ ပဓာနကိစ္စ အောင်မြင်လျှင် ရဟန်း ဖြစ်တော့သည်၊ သို့သော် အထောက်အကူဖြစ်သည့် ရှေ့ပိုင်း လုပ်ငန်း၊ နောက်ပိုင်းလုပ်ငန်းများနှင့် တွဲဖက်လိုက်မှ ပဓာနကိစ္စ လိုလေသေး မရှိ ပြည့်စုံအောင်မြင်ပြီး အပြစ်ကင်းရှင်းနိုင်ပေမည်၊ ထို့ကြောင့် အပြစ်ကင်း၍ ပြည့်စုံအောင်မြင်သော ရဟန်းခံ ကိစ္စဖြစ်စေရန်–

၁။ ပုဗ္ဗကိစ္စ = ရှေ့ပိုင်းလုပ်ငန်း

၂။ ပဓာနကိစ္စ = လိုရင်းအဓိကလုပ်ငန်း

၃။ အပရကိစ္စ =နောက်ပိုင်းလုပ်ငန်း

ဟူသော ဤအစီအစဉ်များဖြင့် ပြုလုပ်ရမည်။

---

၁။ သာသန ဝိသောဓနီ တတိယတွဲ။

## ပုစ္ဆကိစ္စ

၁။ ဥပဇ္ဈယ်ယူရန် ရဟန်းလောင်းအား စေခိုင်းတိုက်တွန်းခြင်း

၂။ ရဟန်းလောင်းအား သူပိုင်သပိတ်, သင်္ကန်းများကို ပြောကြားခြင်း

၃။ ရဟန်းလောင်းကို သံဃာ့ဟတ္ထပါသ် အပြင်ဘက်သို့ ထုတ်ခြင်း

၄။ ရဟန်းလောင်းအား သင်ပြရမည့် ရဟန်းကို သမုတ်ခြင်း

၅။ ရဟန်းလောင်း ရှိရာသို့ သွား၍ သင်ပြခြင်း

၆။ သင်ပြပြီးကြောင်း သံဃာအား အသိပေး၍ ရဟန်းလောင်းကို သံဃာ့ဟတ္ထပါသ်သို့ သွင်းခြင်း

၇။ သံဃာတော်၏ ခြေတော်အစုံကို ရဟန်းလောင်းအား ရှိခိုးခိုင်းပြီး ရဟန်းပြုလိုကြောင်း ခွင့်တောင်းစေခြင်း

၈။ ရဟန်းလောင်းအား စစ်မေးရန် သမုတ်ခြင်း

၉။ ရဟန်းလောင်းအား စစ်မေးခြင်း [၁]

ဤပုစ္ဆကိစ္စ(၉)ပါးကို အစဉ်တိုင်းပြုလုပ်ရမည်။ ထိုကိစ္စတို့ကို ပြုလုပ် ရခြင်းအကြောင်းကို အနည်းငယ် ချဲ့ဦးအံ့။

## ဥပဇ္ဈယ်

မိမိတပည့်ကို အမြဲတမ်း ကြီးကြပ် ကွပ်ကဲ စောင့်မ,လျက်၊ ချီးမြှောက် ထောက်ပံ့တတ်သူကို ''ဥပဇ္ဈာယ်'' ဟုခေါ်သည်[၂]။

---

၁။ ဝိမတိ ဋီ ၂-၁၃၆။ ၂။ ဝိနယဝိနိစ္ဆယဋီကာ။

ဥပဇ္ဈာယ် ဆရာ၏ ပစ္စည်း အထောက်အပံ့, တရားဓမ္မ အထောက်အပံ့ မရရှိလျှင် မကြီးပွား မတိုးတက်နိုင်၊ ဆုတ်ယုတ်ပျက်စီးဖို့သာ များသည်၊ သာသနာတော်၌ ဥပဇ္ဈာယ်ဆရာ၏ အကူအညီ များစွာလိုအပ်သည်၊[၁] ဥပဇ္ဈာယ်ဆရာသည် မိမိတပည့်ကို သားရင်းပမာ ဝတ်ပုံ, စားပုံ နေထိုင်, သွားလာ, ပြောဆိုပုံမှစ၍ အစစ အရာရာတာဝန်ယူ၍ စနစ်တကျ ညွှန်ပြ ပေးရသည်၊ တပည့် မကောင်း ဆရာ့ခေါင်းဆိုသလို တပည့် ညံ့ဖျင်းမှု တော်ဝင်ကောင်းမွန်မှုသည် ဥပဇ္ဈာယ်ဆရာများ အပေါ် များစွာတည်သည်။

ဆရာမှားလျှင် တစ်သံသရာလုံး မှောက်တတ်သည်၊ ဥပဇ္ဈာယ်ဆရာ မှားမှုကြောင့် အဇာတသတ်ခမြာ ယခုအချိန်အထိ ခေါင်း မဖော်နိုင်သေး၊[၂] ဥပဇ္ဈာယ် ဆရာကိုပင် မင်္ဂလာတရားတော်၌ ''ပဏ္ဍိတသေဝန''မင်္ဂလာဟု လည်းကောင်း၊ သမ္ပတ္တိစက်၌ ''သပ္ပုရိသူပနိဿယ''စက်ဟုလည်းကောင်း၊[၃] ဆိုထားသည်၊ မင်္ဂိုလ်ရရေး အတွက် ကလျာဏမိတ္တအကူအညီ ရာနှုန်းပြည့် လိုအပ်သည်၊[၄]

ထို့ကြောင့် ဥပဇ္ဈာယ်ယူရာမှာ ဖြစ်ကတတ်ဆန်း မပြုသင့်၊ တကယ်တမ်း နီးနီးကပ်ကပ် သွန်သင် ညွှန်ပြနိုင်သူကိုသာ ဥပဇ္ဈာယ် အဖြစ် ထားသင့်သည်၊ ဥပဇ္ဈာယ်ဆရာ လုပ်သူကလည်း တကယ်

---

၁။ ဝိ၄ ၃-၃၀၇။ ၂။ ဒီ-၄-၁၂၄/၂၀၂။ ၃။ အံ ၁ [illegible]
၄။ အံ ၃-၁၄၀။

တာဝန် ယူနိုင်/မယူနိုင် စဉ်းစားပြီးမှ လက်ခံသင့်/မသင့် ဆုံးဖြတ်သင့်သည်၊ သူများ တိုက်တွန်းတိုင်း ခေါင်း မညိတ်သင့်၊ ယခုခေတ်သာသနာ ဆုတ်ယုတ်နေမှုမှာ ဥပဇ္ဈာယ်ဆရာများ အပေါ် များစွာ တည်နေပါသည်၊ တပည့်က ဥပဇ္ဈာယ်ညွှန်ကြားချက် မလိုက်နာနိုင်မှုလည်း ပါပါသည်။

ယခုခေတ် ဆရာတော် များများသည် တပည့်ဖြစ်သူ ရှင်ငယ် ပဉ္စင်းငယ်များအပေါ် အပြစ်ပုံချနေတတ်ကြပါသည်၊ ရှင်ငယ် ပဉ္စင်းငယ်များ၏ သဒ္ဒါတရား နည်းပါးမှု, ဝီရိယလျော့နည်းမှု, ဂါရဝနည်းမှု,စည်းကမ်း မလိုက်နာမှုကိုသာ ဖိပြောနေကြပါသည်၊ ဆရာသမားအင်္ဂါမညီမှု၊ လူကြီးမပီ သမှုကို ထည့်သွင်း မပြောကြပါ၊ တပည့်များဘက်က ချို့ယွင်းချက် ရှိနိုင်သလို ဆရာ့ဘက်ကလည်း လစ်ဟင်းချက် ရှိနိုင်ပါသည်၊ မိမိကိုယ်တိုင် ရှေးဦးစွာ ပြင်ဆင်ပြီးမှ တပါးသူအပေါ် ဆရာလုပ်ရမည့်ဟူသော ဓမ္မပဒ[၁] အဆိုကို လည်းကောင်း၊ ချစ်ခင်လေးစား လောက်သော သီလ, သမာဓိရှိခြင်း စသော ဆရာကောင်းတို့၏ အင်္ဂါ(၇)ပါးကိုလည်းကောင်း၊[၂] သတိပြုသင့်သည်၊ ယခုခေတ်၌ ဥပဇ္ဈာယ်ဆရာကလည်း တပည့်ကို ဂရုမစိုက်၊ တပည့်ကလည်း ဆရာကိုအလေးမထား ဖြစ်နေကြသည်၊

၁။ ဓမ္မပဒ-၃၇။ ၂။ အံ-၂-၄၂၂။

ရဟန်းခံသည့်အခါ ဥပဇ္ဈာယ်ယူရာမှာလည်း ဝတ်ကျေတန်းကျေ လောက်သာ သဘောထားကြသည်၊ သာသနာတော် သန့်ရှင်းတည် တံ့ပြန့်ပွါးရေးအတွက် ဥပဇ္ဈာယ်အခန်း ကဏ္ဍကိုလည်း ကွက်လပ် မချန်သင့်၊ သတိမူ၍ ပြုပြင်သင့်သည်ကို ပြုပြင်ပေးရမည်။

## ဥပဇ္ဈာယ် အင်္ဂါ

၁။ (၁၀)ဝါရပြီးဖြစ်ခြင်း

၂။ ဥဘတောဝိဘင်းကို နှုတ်တက်ရွရွ ရသူဖြစ်ခြင်း

၃။ ကံကြီး, ကံငယ် ကိစ္စတို့၌ တတ်သိ နားလည်ခြင်း

၄။ ခန္ဓကဝတ်တို့၌ တတ်သိ လိမ္မာခြင်း

၅။ နာမ်-ရုပ်တရားတို့ကို ပိုင်နိုင်စွာ ဟောပြနိုင်ခြင်း[၁]

ဤအင်္ဂါရပ်များနှင့် ပြည့်စုံလျှင် ဥပဇ္ဈာယ် ဆရာ မြောက်သည်၊ နိဿယ ယည်းဆရာ၏ အင်္ဂါ၊ ကျောင်းထိုင်အင်္ဂါများ သည်လည်း ဥပဇ္ဈာယ်ဆရာ၏ အင်္ဂါနှင့် တူသည်။

---

၁။ ဝိနယသင်္ဂဟ-၁၆၄။

## ဥပဇ္ဈာယ် ယူပုံ

ရဟန်းလောင်း — — ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ–ဟု ၃ ခေါက်ဆို။

ဥပဇ္ဈာယ် ဆရာ — — ပါသာဒိကေန သမ္ပာဒေဟိ။

ရဟန်းလောင်းက ဥပဇ္ဈာယ်လုပ်မည့်ဆရာတော်ကို "အရှင်ဘုရားသည် တပည့်တော်၏ ဥပဇ္ဈာယ် ဆရာဖြစ်တော်မူပါ" ဟုလျှောက်ထားသည်၊ မိမိကိုယ်ကို ဆရာ့ထံ အပ်နှံလိုက်ခြင်း သဘော ဖြစ်သည်၊ အမြဲတမ်း ကြပ်ကြပ်မတ်မတ် ညွှန်ပြတော် မူပါဟုတောင်းခံခြင်း သဘောလည်း သက်ရောက်သည်၊ ထိုသို့ ရဟန်းလောင်းက လျှောက်ထားသော အခါ တိုတိုကျဉ်းကျဉ်းနှင့် လိုရင်းရောက်အောင် "ပါသာဒိကေန သမ္ပာဒေဟိ" ဟု ချက်ချင်းပင် အကြွေးမထား ဩဝါဒစကားမိန့်ကြားတော်မူသည်၊ "ကြည်ညိုဖွယ်ကို ဆောင်နိုင်သော ကိုယ်၊နှုတ်၊အမူအရာဖြင့် သီလ၊ သမာဓိ၊ ပညာ သုံးဖြာသော သိက္ခာကို ပြီးစေလော" ဟု ဆိုလိုရင်းဖြစ်သည်၊ ဤနေရာ၌ ကြည်ညိုဘွယ်ကို ဆောင်နိုင် သော ကိုယ်အမူအရာ၊ နှုတ်အမူအရာ ဤနှစ်မျိုးကိုသာ ဋီကာ ကြီးများ[၁] ဖွင့်ဆိုကြသည်။

ကင်္ခါဋီကာသစ်၌ကား ကိုယ်–နှုတ်–စိတ်(၃)ပါးလုံးဖွင့်ပြသည်၊[၂] သမာဓိ၊ ပညာ သိက္ခာများကိုဖြည့်ကျင့်ရာမှာ ကိုယ်, နှုတ်

---

၁။ ပါသာဒိကေနာတိ ပသာဒါဝဟေန ကာယဝစီပယောဂေန ၈၃၁ (သာရတ္ထ၃-၂၃၂၊ ဝိမတိ-၂-၁၀၂)

၂။ ကင်္ခါဋီသစ်-၁၅၈။

၂–မျိုးဖြင့်သာ မပြီးဘဲ စိတ်အလုပ်များစွာပါသည်ကို ရည်ရွယ်ဟန်တူသည်၊ သို့သော် ဝိနည်းသိက္ခာ အရာဝယ် မနောဒွါရ၌ အာပတ် မသင့်နိုင်၊ ကိုယ်,နှုတ် (၂)မျိုး၌သာ အာပတ် သင့်နိုင်သည်၊ ကိုယ်,နှုတ် ၂–ပါး ယဉ်ကျေးလျှင် ကြည်ညိုဖွယ် ပါသာဒိကဂုဏ်ကို ဆောင်နိုင် တော့သည်သာ၊[၁] ထို့ကြောင့် ဋီကာကြီးများ အဆိုလည်း အသင့်ပင် ဖြစ်သည်ဟု မှတ်ရမည်။

ရဟန်းခံချိန်မှာ ဥပဇ္ဈာယ် ကိုယ်တိုင် သိမ်ထည်း၌ မပါသော်လည်း ရဟန်းခံကိစ္စ အောင်မြင်နိုင်သည်၊ ဥပဇ္ဈာယ် ကိုယ်တိုင် သိမ်ထဲသို့ မပါလျှင် ကြိုတင်၍ ဥပဇ္ဈာယ် ယူထားနိုင်သည်၊[၂]

## သပိတ်, သင်္ကန်းပြောကြားခြင်း

ဘုရားလက်ထက်က ကိုယ်ပိုင် သပိတ်, သင်္ကန်း မရှိသူများကို ရဟန်းပြုပေးကြသဖြင့် တိတ္ထိတက္ကတွန်းများပမာ ဗလာကိုယ်ထည်းလက်ချည်းသာလျှင် ဆွမ်းခံဝင်သဖြင့် လူမြင် မကောင်းသည်ကို အကြောင်းပြု၍ ကိုယ်ပိုင်သပိတ်, သင်္ကန်း မရှိသူများကို ရဟန်းပြုမပေးရန်၊ ပြုပေးလျှင် ဒုက္ကဋ်အာပတ် သင့်စေရန် ပညတ်တော်မူခဲ့သည်၊[၃] ထို့ကြောင့် ပရိက္ခရာတွင် ပါဝင်သည့် ဤသပိတ်၊

---

၁။ ဝိဋ္ဌ ၁-၁၅၊ ဝိနယနတော စေဝ ကာယဝါစာနံ။

၂။ သာသန ဝိသောဓနီတတိယတွဲ။ ၃။ ဝိ ၃-၁၂၅။

ဤသက်န်းများသည် သင်ရဟန်းလောင်း၏ ကိုယ်ပိုင် သပိတ်၊ သက်န်းများ ဖြစ်သည်ဟု ရဟန်းလောင်းအား ပြောကြားထား ရသည်။

## ပရိက္ခရာ

သပိတ်, သက်န်းပြည့်စုံလျှင် ရဟန်းခံပေးနိုင်သည်ဟု ဆိုခြင်းကြောင့် သပိတ်, နှစ်ထပ်သက်န်းကြီး, ကေသီ၊ သင်းပိုင် အားဖြင့် ပရိက္ခရာ(၄)ပါးသာ ဤ၌ တွေ့ရသည်၊ ခါးပန်းကြိုး မဖွဲ့ပဲ ရွာတွင်းသို့ ဝင်လျှင်သော်လည်းကောင်း၊[၁] ရေစစ် မပါဘဲ ခရီးရှည် သွားလျှင်သော်လည်းကောင်း[၂]၊ ဒုက္ကဋ်အာပတ်သင့်၏၊ ထို့ကြောင့် ခါးပန်းကြိုးနှင့် ရေစစ်တို့လည်း ရဟန်းများအတွက် မရှိမဖြစ်သော ပစ္စည်းများ ဖြစ်ကြသည်၊ ၄င်းအပြင် ဆံပင် လက်(၂)သစ်ထက် ရှည်အောင် မထားးရဟု ပညတ်ထားသဖြင့်[၃] ခေါင်းရိတ်ဓားလည်း လိုအပ်သော အသုံးအဆောင် တစ်ခု ဖြစ်ပါသည်၊ အပ်–ထည့်ပို့ရန် အပ်ကျည်ကို 'အပနိဓာန သိက္ခာပုဒ်' 'သူစိဃရသိက္ခာပုဒ်' တို့၌ တွေ့ရသဖြင့် သက်န်းချုပ်ရန် အပ်လည်း မရှိ မဖြစ်သော ပရိက္ခရာ တစ်မျိုးဖြစ်သည်၊ ထို့ကြောင့် ရဟန်း အသုံးအဆောင် ပရိက္ခရာ များကို –

---

၁။ ဝိ ၃-၂၇၆။ ၂။ ဝိ ၃-၂၅၅။ ၃။ ဝိ ၄-၂၄၂။

၁။ သပိတ်၊

၂။ နှစ်ထပ်သင်္ကန်းကြီး၊

၃။ ကေသီသင်္ကန်း၊

၄။ သင်းပိုင်သင်္ကန်း၊

၅။ ခါးပန်းကြိုး၊

၆။ ခေါင်းရိပ်ဓား၊

၇။ ရေစစ်၊

၈။ အပ်၊ ဤ ၈–ပါး မိန့်ထားခဲ့ကြသည်[၁]။

## ရဟန်းလောင်းအားသင်ပြခြင်း

ဘုရားလက်ထက်က ရဟန်းလောင်းများကို ကြိုတင် သင်ပြမှု မရှိဘဲ စစ်မေးကြသဖြင့် မပြေကြားတတ်၊ မပြေကြားဝံ့ ဖြစ်ကြရသည်၊ သင်ပြပြန်တော့လည်း သံဃာ့ အလယ်မှာ သင်ပြပြီး၊ သံဃာ့အလယ်မှာပင် စစ်မေးကြသဖြင့် အခြား သင့်လျော်ရာ အရပ်မှာ သင်ပြပြီးမှ သံဃာ့အလယ်မှာ မေးစစ်ဖို့ရန် ပညတ်တော်မူရပြန်သည်၊ တစ်ဖန် မကျွမ်းကျင်သူများ သင်ပြကြသဖြင့် မပြေကြားတတ်၊ မပြေကြားဝံ့ ဖြစ်ကြရပြန်သည်၊ ထို့ကြောင့် ကျွမ်းကျင်သူများကသာ သင်ပြပေးဖို့ရန် ပညတ်တော်မူသည်[၂]။

---

၁။ ဝိ၅ ၁-၂၀၅။ ၂။ ဝိ ၃-၁၃၀။

## ထိုင်လျက်သင်ကြားသင့်-မသင့်

ရဟန်းလောင်းကို သင်ပြပေးသောအခါ ရဟန်းလောင်းနှင့် သင်ပြသော ရဟန်း(၂)ဦးစလုံး မတ်တတ်ရပ်၍ သင်ပြလေ့ ရှိကြသည်၊ "တိဋ္ဌာဟိ"ဟူသော ပါဠိကို ထောက်ထား၍ ပြုလုပ်ကြဟန် တူသည်၊ **ဘဒ္ဒန္တပိဋကဓရာဘိဝံသ(တိပိဋကဓရ)** ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ရဟန်းလောင်းကို သင်ပြသောအခါထိုင်လျက် သင်ပြသည်ကို တွေ့ရဖူးပါသည်၊ လယ်တီဆရာတော် ဘုရားကြီး ကလည်း သူ၏ သာသနဝိသောဓနီကျမ်း (တတိယတွဲ)၌ ဤ ဆိုလတ္တံ့သည့်အတိုင်း မိန့်ဆိုထားသည်။

"**ဂစ္ဆ**"ဟူ၍ ဆိုခြင်းကြောင့် သွားလိုရာအရပ်တိုင်အောင် သွားမည်စိုး၍ "**အမုမှိ ဩကာသေ တိဋ္ဌာဟိ**" ဟုနေလင့်ရန် အရပ်ဒေသကိုပြ၍ "တန့်" စားစေသော စကားရပ်ဖြစ်ပေရကား "တိဋ္ဌာဟိ" ဖြင့်တည်နေဖို့ ရန်သာညွှန်ပြသည်၊ မတ်တတ်ရပ်၍ နေရမည်ကို ဆိုလိုသည်မဟုတ်ပေ၊ ဌာ-ဌာဝတ်သည်၊ ဂတိ နိဝတ္တိယံ- လားခြင်းမှ နစ်ခြင်း၌ဖြစ်၏ ဂတိနိဝတ္တိ-ဂတိနိဝတ္တိ ဟူသည်၊ဂမနဿ-သွားခြင်းကို၊ ဥပစ္ဆေဒေါ- ဖြတ်ခြင်းတည်း၊ ဟူသော ဓာတ်ကျမ်းစကားနှင့် အညီ "တိဋ္ဌာဟိ" ဖြင့်သွားခြင်း

ကိရိယာ ကိုသာ တားမြစ်သည်၊ ထိုင်ခြင်း, လျှောင်းခြင်း ကိရိယာကို မတားမြစ်ပေ၊ ထို့ကြောင့် သင့်တင့်လျှောက်ပတ်ရာ အရပ်၌ ရဟန်း လောင်းနှင့် အနုသာသကရဟန်းတို့ နေဖို့ရန် ခင်းကျင်း စီမံထား နှင့်ပြီးသော နေရာသို့သွားပြီး ချမ်းသာစွာ နေထိုင်၍ သင်ပြခြင်း သည်သာလျှင် နေထိုင်သူတို့လည်း ချမ်းသာသည်၊ မြင်ရသူတိုင်း လည်း ကြည်ညို ဘွယ်ရာရှိသည်၊ ပါဠိတော်နှင့်လည်း သင့်လျော် သည်၊ ၎င်းပြင် သပိတ်, ပရိက္ခရာကို လွယ်စေ၍ ထွက်စေရမည်ဟု ကျမ်းဂန်အရိပ် အမြွက်မျှမထင်၊ အကျိုးလည်းမထင် [၁]။

## သင်ပြရမည့်အရပ်

ရဟန်းလောင်းကို သင်ပြသောအခါ "အမုမှို ဩကာသေ" အရ (၂)တောင့်ထွာဟတ္ထပါသ်လွတ်လောက်ရာ အရပ်ကိုဟု ဝိမတိ ဋီကာ[၂] နှင့်တကွ ရှေးဆရာများ[၃] မိန့်ဆိုကြသည်၊ ယင်းအဆိုအရ ဟတ္ထပါသ်လွတ်လျှင် ပြီးတော့သည်။

လယ်တီဆရာတော်ဘုရားကြီးကား– (၁၂)တောင်ဥပစာ လွတ် လောက်ရာ–အရပ်ဟု မိန့်ဆိုတော်မူသည်[၄]။

သံဃာ့အလယ်မှာ သင်ပြ၍မဖြေကြားဝံ့ဖြစ်ရသောကြောင့်

---

၁။ သာစနဝိသောဓနီ ၃။ ၂။ ဝိမတိ ၂-၂၃၆။

၃။ ပခုက္ကူမူ ရဟန်းလောင်းဆုံးမစာ။ ၄။ သာသနဝိသောဓနီ။

သင့်လျော်ရာ တစ်နေရာ၌သင်ပြုရမည်ဟု မိန့်ဆိုသော ပါဠိတော် စကားကိုလည်းကောင်း[၁]၊ ရဟန်းတော်တို့၏ ပကတိစကားသည် (၁၂)တောင်လောက်က ကြားရုံသာ ကြားပြီး အဓိပ္ပါယ်ကို ကောင်းစွာ နားမလည်ဟူသော အဋ္ဌကထာ စကားကိုလည်းကောင်း[၂] ထောက် လျှင် လယ်တီဆရာတော်၏အဆိုက ပို၍ယုတ္တိတန်ပါသည်၊ လူမမြင်လောက်သော အခန်းတွင်း စသည့်နေရာသို့ သွား၍လည်း သင်ပြုနိုင်ပါသည်။

## စစ်မေးရမည့် အချက်(၁၅)ချက်

၁။ နူနာ ရှိသလော၊

၂။ ထွက်မြင်းအနာ အိုင်းအမာ ရှိသလော၊

၃။ ခရူသင်းအနာ ရှိသလော၊

၄။ ပန်းနာ အဆုတ်နာ ရှိသလော၊

၅။ ဝက်ရူး စသော ရူးနှမ်းသော အနာရှိသလော၊

(ဤ (၅)ချက်အတွက် နတ္ထိ ဘန္တေ ဟုဖြေရန်။)

၆။ လူသားကောင် ဟုတ်မှန်ပါ၏လော၊

၇။ ယောကျာ်းစစ်ကောင် ဟုတ်မှန်ပါ၏လော၊

---

၁။ ဝိ ၃-၁၃၀၊ ကေမန္တ အနုသာသိတုံ။ ၂။ ကင်္ခါ-၂၈၀။

၈။ သူကျွန်အဖြစ်မှ လွတ်လပ်သူ ဟုတ်မှန်ပါ၏လော၊

၉။ ကြွေးမြီမတင်သန့်ရှင်းစင်ကြယ်သောသူ ဟုတ်မှန်ပါ၏လော၊

၁၀။ မင်းခစားယောကျာ်း မဟုတ်သူဖြစ်ပါသလော၊

၁၁။ မိဘတို့က ကျေကျေနပ်နပ် ခွင့်လွှတ်အပ်သူဖြစ်ပါသလော၊

၁၂။ အသက်(၂၀)ပြည့်သူ ဟုတ်မှန်ပါသလော၊

၁၃။ သင့်မှာ သပိတ်–သင်္ကန်းပြည့်စုံပါပြီလော၊

(ဤ ၈–ချက် အတွက် အာမ ဘန္တေဟု ဖြေရန်)

၁၄။ သင်သည် အဘယ်အမည်ရှိသနည်း၊

၁၅။ သင်၏ဥပဇ္ဈယ်ဆရာသည် အဘယ်အမည်ရှိသနည်း၊

(ဥပဇ္ဈာယ်ဆရာ၏ အမည်ဖြေရန်။)

အန္တရာယ် (၁၃)ပါးကို မေးစစ်ရမည်ဟု လာရှိသော ပါဠိတော်အလို (၁၅)ချက်တွင် နောက်ဆုံး(၂)ချက်သည် အန္တရာယိကဓမ္မ စာရင်းတွင် မပါဝင်ဟုမှတ်၊ နံပါတ် ၆, ၇, ၁၂ အင်္ဂါရပ် မပြည့်စုံလျှင် ရဟန်းမဖြစ်[၁]၊ ကျန်အင်္ဂါရပ်များ မပြည့်စုံလျှင်ကား ရဟန်းခံပေးသူသံဃာမှာသာ အပြစ်ရှိသည်၊ ရဟန်းလောင်းကား ရဟန်းဖြစ်နိုင်သည်[၂]။

---

၁။ ဝိမတိ- ၂-၁၃၄/၅။ ၂။ ဝိမတိ ၂-၁၃၄/၅။

## ရဟန်းလောင်းများစွာကို တစ်ပြိုင်နက်သင်ပြ

ယခုခေတ် ဒုလ္လဘရဟန်းခံပွဲများ ခေတ်စားလာသဖြင့် ရဟန်းလောင်း သုံး လေးဆယ်ကို တစ်ပြိုင်နက်တည်း စုပေါင်း၍ ရဟန်းခံကြသည်။ ဤသို့ ရဟန်းခံရာ၌ ကမ္မဝါဖတ်ခြင်း ဟူသော ပဓာနကိစ္စမတိုင်မီ ပုဗ္ဗကိစ္စများ၌သာတစ်ပြိုင်တည်းစုပေါင်း ဆောင်ရွက်နိုင်သည်၊ ပဓာန ကိစ္စ၌ကား (၃)ပါးသာ ဆောင်ရွက်နိုင်ခွင့် ရှိသည်။[၁]

### ပဓာနကိစ္စ

ရဟန်းခံရာ၌ ဉတ်ကမ္မဝါစာရွတ်ဖတ်ခြင်းသည်သာလျှင် လိုရင်းပဓာနဖြစ်သည်။ ပဓာနကိစ္စကို ဆောင်ရွက်လိုက်လျှင် ရှေ့ပိုင်းပုဗ္ဗကိစ္စ၊ နောက်ပိုင်းအပရကိစ္စ များမဆောင်ရွက်စေကာမူ ရဟန်းဖြစ်နိုင်သည်သာ၊ သို့သော် ပုဗ္ဗကိစ္စ, အပရကိစ္စများကို မဆောင်ရွက်လျှင် သံဃာတော်မှာ တာဝန်မကျေသဖြင့် အာပတ် အပြစ်ဖြစ်နိုင်သည်။ အာပတ်အပြစ်မဖြစ်စေရန် ပုဗ္ဗကိစ္စ, အပရကိစ္စများကိုလည်း ပြည့်ပြည့်စုံစုံ ဆောင်ရွက်ရသည်။

ပဓာနကိစ္စတွင်-

၁။ ဉတ် ၂။ ကမ္မဝါစာ ၃။ နိဂုံးဟု (၃)ပိုင်း ပါရှိသည်။

---

၁။ ဝိနယသာရ ဂဏ္ဌိ။

ဥတ်ကမ္မဝါစာဖြင့် သံဃာ့ကံကို ဆောင်ရွက်ခြင်းသည် အစည်းအဝေး သဘောဆန်သည်၊ ရဟန်းလောင်းကို သံဃာ့အဖွဲ့က ရဟန်းအဖြစ် အသိအမှတ်ပြုရန် သံဃာ့ အစည်းအဝေးပြုခြင်း ဖြစ်သည်၊ သံဃာ့ အစည်းအဝေး၌ -

၁။ ဉတ်ဖြင့် ကြိုတင်အသိပေးသည်၊

၂။ ကမ္မဝါစာဖြင့် အဆိုတင်သည်၊

၃။ နိဂုံးဖြင့် အတည်ပြုချက်ကို ကြေငြာသည်၊

ချဲ့ဦးအံ့ - - -

## ၁။ ဥတ်

ဤရဟန်းလောင်းသည် ဤမည်သော ဥပဇ္ဈာယ် ဆရာ၏ တပည့်ဖြစ်သည်၊ အန္တရာယ်ကင်းသူလည်း ဖြစ်သည်၊ သူ့မှာ သပိတ်, သင်္ကန်းလည်း ပြည့်စုံနေပါပြီ၊ ဖြစ်နိုင်မည်ဆိုလျှင် သံဃာတော်က ဤရဟန်းလောင်းကို ရဟန်းပြုပေးဖို့ရာ ကြိုတင်အသိပေးခြင်း ဖြစ်ပါသည်။

## ၂။ ကမ္မဝါစာ

ရဟန်းလောင်းကို သံဃာ့အဖွဲ့က ရဟန်းပြုပေးပါသည်၊ ဤသို့ ရဟန်း ပြုပေးခြင်းကို သဘောတူလျှင် ဆိတ်ဆိတ်နေပါ၊ သဘောမတူသူရှိလျှင်လည်း ကန့် ကွက်ပြောဆိုပါဟု သုံးကြိမ်သုံးခါ အဆိုတင်သည်။

## ၃။ နိဂုံး

သံဃာ့အဖွဲ့က ဤရဟန်းလောင်းကို ရဟန်းပြုပေးပြီး ပါပြီ၊ သံဃာ့အဖွဲ့က သဘောတူခြင်းကြောင့် ဆိတ်ဆိတ်နေခြင်း ဖြစ်ပါသည်ဟု အတည်ပြုချက်ကို ကြေငြာသည်။

## ဉတ်, ကမ္မဝါစာ ဖတ်ပုံ

ပဓာနကိစ္စဖြစ်သော ဉတ်, ကမ္မဝါစာ၊ နိဂုံး (၃)ပိုင်းလုံးကို ပါဠိဘာသာ စည်းကမ်း ဗျဉ္ဇနဗုဒ္ဓိနှင့်အညီ ယုတ်လျော့မှု ဖောက်ပြန်မှု မရှိစေပဲ မှန်ကန်ပီသစွာ ရွတ်ဖတ်နိုင်မှသာ ရဟန်းခံ ကိစ္စပြီးစီး အောင်မြင်နိုင်သည်။

ဥတ်, ကမ္မဝါစာဖတ်သင့်သူဟူသည် ဗျတ္တ, ပဋိဗလ ရဟန်း (ပင်ကိုအရည်အသွေးလည်းရှိ တကယ်လက်တွေ့လည်း စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်မျိုး) သာဖြစ်သည်၊ ဥတ္တိစတုတ္ထ ကမ္မဝါစာကို ဌာန်, ကရိုဏ်း, ပယတ် ဗျဉ္ဇနဗုဒ္ဓိတို့ဖြင့် စနစ်တကျ သင်ယူထားသူကို 'ဗျတ္တ'ပုဂ္ဂိုလ်ဟု ခေါ်သည်၊ တတ်သိရုံသာ မဟုတ်ဘဲ လက်တွေ့ လုပ်ငန်းခွင်၌လည်း ဌာန်, ကရိုဏ်း, ပယတ် ဗျဉ္ဇနဗုဒ္ဓိ တို့နှင့်ညီအောင် ရွတ်ဖတ်စွမ်းနိုင်သူကို 'ပဋိဗလ'ပုဂ္ဂိုလ် ဟုခေါ်သည်။

ပါဠိတော်များ၌ တစ်ပါးတည်း ကမ္မဝါစာဖတ်ပုံသာ လာရှိသည်၊ နှစ်ပါး သုံးပါးတွဲ၍လည်းကောင်း၊ (၂)ကြိမ် (၃)ကြိမ် ထပ်၍လည်းကောင်း၊ ရွတ်ဖတ်ရမည်ဟု အဆိုမရှိ၊ နောက်ပိုင်း၌ကား တစ်ပါးမသေချာလျှင် အခြားတစ်ပါးက သေချာအောင် နှစ်ပါး သုံးပါး တွဲ၍ ဖတ်ကြသည်၊ တစ်ကြိမ် မသေချာလျှင် နောက်တစ်ကြိမ်များ၌ သေချာအောင် ရွတ်ဖတ်လေ့ ရှိကြသည်၊ ထိုသို့ (၂)ပါး (၃)ပါး တွဲ၍ ဖတ်ခြင်း၊ (၂)ကြိမ် (၃)ကြိမ်ထပ်၍ ဖတ်ခြင်းအလေ့သည် သီဟိုဠ် အလယ်ခေတ် လောက်ကပင် ရှိခဲ့ဟန်တူသည်။

## ရဟာန်းဖြစ်ချိန်

ရဟာန်းလောင်းကို ဥတ်ကမ္မဝါစာဖတ်၍ ရဟာန်းပြုပေးရာ၌ တတိယကမ္မဝါစာ "သော ဘာသေယျ" ပြီးဆုံးလျှင် ရဟာန်း ဖြစ်တော့သည်[၁]၊ ရဟာန်းဖြစ်သည်နှင့် တစ်ပြိုင်နက် ရဟာန်းသစ်၏ သန္တာန်ဝယ် စတုပါရိသုဒ္ဓိသီလ တစ်ခါတည်းတည်ပြီးဖြစ်တော့သည်၊ (၂၂၇) သွယ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ကျော်သော အဓိ သီလသိက္ခာများတည်ရှိသွားတော့သည်၊ အဓိသီလသိက္ခာနှင့် ပြည့်စုံ သွားသောကြောင့် ပုထုဇဉ်ပင် ဖြစ်စေကာမူ သေက္ခအရိယာပုဂ္ဂိုလ် တို့၌ သင်္ဂြိုဟ်ရေတွက်အပ်၏[၂] မြင့်မြတ်သော ဥပသမ္ပန္နပုဂ္ဂိုလ် အဖြစ်သို့ ရောက်သွားသည်။

ရဟာန်းဖြစ်သွားသောသူသည် မိမိက ပုထုဇဉ်ပင် ဖြစ်စေ ကာမူ ရဟန္တာဖြစ်သူ လူသာမဏေတို့၏ ရှိခိုးမှုကို ခံထိုက်သည်[၃]၊ ကုဋေကိုးထောင်ကျော်သော သိက္ခာပုဒ်တော်တို့၏ တည်နေ ကိန်းဝပ်ရာ စေတီအရာ၌တည်သည်[၄]ဤသို့ဖြစ်ရခြင်းသည် မြတ်စွာဘုရား၏ အစိန္တေယျ အပ္ပမေယျ ဘုန်းတော်၊ ကံတော်၊ ဉာဏ်တော်၊ တန်ခိုးတော်၊ အာဏာတော်၊ ပညတ်တော်တို့၏ အစွမ်း ပေတည်း[၅]၊ ရဟာန်းချင်းဖြစ်စေကာမူ ရဟာန်းဖြစ် ရှေးကျ၍ သိက္ခာဦး

---

၁။ ဝိနယသံခိပ်။ ၂။ ဝိနယသံခိပ်။ ၃။ ဒီ-၄ ၁-၂၆၀။
၄။ ဓမ္မဒီပနီ ၄၈-၉။ ၅။ ဓမ္မဒီပနီ ၄၈-၉။

သော ပုထုဇဉ်ရဟန်းကို သိက္ခာတည်မှု ရဟန်းဖြစ်မှု နောက်ကျသော ရဟန္တာရဟန်းက ရှိခိုးရသည်၊ ရဟန်းအဖြစ်၏ အကျိုးဂုဏ် အာနိသင်တို့ကား မရေမတွက်နိုင်အောင်များပြောင်လှသည်[၁]၊ ဒုသီလချင်း တူစေကာမူ ရဟန်း ဒုသီလထက် - ဂုဏ် (၁၀)မျိုး တို့ဖြင့် သာလွန်ရုံသာမက အလှူဒါနကိုလည်း အကြောင်း(၁၀)မျိုး တို့ဖြင့် စင်ကြယ်စေနိုင်သည်[၂]၊ သီလရှိသူ ရဟန်းဖြစ်ပါမူကား အဘယ်ဆိုဖွယ် ရှိအံ့နည်း။

## သင်္ကန်းအရှိန်အဝါ

သံဃာကပေးသော သင်္ကန်းအရှိန်အဝါသည် ကြီးမြတ်လှသည်၊ သင်္ကန်းသည် ရဟန္တာတို့၏ အလံ တံခွန် ဖြစ်သည်[၃]၊ လမ်းခရီး၌ မစင်လိမ်းကျံလျက် စွန့်ပစ်ထားအပ်သော သင်္ကန်းဖြစ်စေကာမူ တွေ့မြင်က ဦးထိပ်၌လက်အုပ်ချီကာ ရသေ့၊ ရဟန်းတို့၏ အောင်လံတံခွန် ဖြစ်သော သင်္ကန်းကို ရှိခိုးရမည်[၄]၊ သင်္ကန်းဝတ်သူကို သိတတ်သည့် သူတော်ကောင်းများသည် မသတ်ပုတ် မညှင်းဆဲထိုက်[၅]၊ လူ့ဘဝဖြင့် ရဟန္တာဖြစ်သူသည် သင်္ကန်းမဝတ်လျှင်ထိုနေ့မှာပင် ပရိနိဗ္ဗာန်စံရတော့သည်၊ သင်္ကန်း

၁။ မိလိန္ဒပဥှာ ၂၄၉-၂၅၀။
၂။ မိလိန္ဒ-၂၅၀။
၃။ ဆဒ္ဒန္တဇာတ် ၃၃၄။
၄။ ဥပါလိထေရအပဒါန် ၅၂။
၅။ ဆဒ္ဒန္တဇာတ် ၃၃၄။

ဝတ်လိုက်မှုကား အသက်တမ်းအတိုင်း တည်နိုင်သည်[၁]၊ သက်နံး၏ အရှိန်အဝါကား ဂုဏ်မျှ ကြီးမားလှပါသည်။

## ရဟန်းဖြစ်အာတာ

ရဟန်းဖြစ်သည်နှင့်တပြိုင်နက် ရဟန်းသစ် သန္တာန်မှာ အဓိသီလသိက္ခာတည်ပြီး ဖြစ်၍ ရဟန်းအဖြစ်သို့ ရောက်ချိန်စောသူ ရှေးကျသူကို သိက္ခာကြီးသူဟု ခေါ် သည်၊ နောက်ကျ သူကိုကား သိက္ခာငယ်သူဟုခေါ်ရမည်၊ သာသနာတော်၌ သိက္ခာကြီးသူ, ငယ်သူ အသီးသီးနှင့်ဆိုင်သော ဝတ္တရားများရှိ၏၊ ထေရ်စဉ် ဝါလိုက် ပစ္စည်းဝေဖန်ရာ၊ နိဿရည်းလွှတ်အင်္ဂါ၊ ကျောင်းထိုင်အင်္ဂါစသော သိက္ခာ, ဝါနှင့်ဆိုင်သော ကိစ္စတိုင်း၌ အသုံးပြုနိုင်ရန် ရဟန်းဖြစ်ချိန်ကို တိကျသေချာစွာ မှတ်သားထားရမည်။

မှတ်သားပုံမှာ = ရှေးခေတ်က နာရီများ မရှိသေးသဖြင့် နေရောင်ရှိရာမှ မတ်တတ်ရပ်ပြီး လူရိပ်ကို ဖဝါးဖြင့်တိုင်းတာ၍ တစ်ဖဝါး၊ နှစ်ဖဝါး စသည်ဖြင့် မှတ်သားထားရသည်၊ ယခုခေတ်၌ကား အရိပ်၊ ဖဝါး၊ နာရီ၊ မိနစ်၊ စက္ကန့်တို့ကို မှတ်သားလေ့ရှိကြသည်၊ ဘယ်ဥတုမှာရဟန်းဖြစ်သည်ဟု ဥတု ပမာဏနှင့် နေ့ရက်, အချိန် စသည် တို့ကိုလည်း မှတ်သား၍ ရဟန်းသစ်အား ပြောထားရသည်။

---

၁။ အဘိ' ၂-၅၀၅ မိလိန္ဒ ၁၆၅-၂၅၇။

အရိပ်, ဥတု, နေ့တို့ကို စုပေါင်းပြီး ပြောထားရသည်၊ ယခုခေတ်၌ကား သာသနာနှစ်၊ ကောဇာနှစ်၊ ဥတု၊ လ၊ နေ့ရက်၊ အချိန်နာရီ၊ ပဝါး၊ ဗိလာတို့ကိုလည်းကောင်း၊ သိမ်, ဥပဇ္ဈာယ်, ကမ္မဝါစာဆရာ, ကာရကသံဃာတော်တို့ကို မှတ်တမ်းပြု၍ အစုံအလင် ပြောထားလေ့ရှိကြသည်၊ ရဟန်းဖြစ်ချိန်မှတ်တမ်းကိုကြည့်၍ ဝိနည်းတော်နှင့်အညီ ရဟန်းဖြစ်လာသူ ဟုတ်/ မဟုတ် သိနိုင်သည်။

## မှီရာ ၄–ပါး

ရဟန်းဖြစ်ချိန် မှတ်တမ်းကို ပြောပြပြီးနောက် သိသင့် သိထိုက်သော အမှီ (၄)ပါးနှင့် လုံးဝမပြုကျင့်ထိုက်သော အရာ (၄)မျိုးတို့ကိုလည်း ရဟန်းသစ်အား ပြောထားရမည်၊ သာသနာ့ ဘောင်ဝင်ရောက် ရှင်, ရဟန်းပြုသူ အချို့တို့သည် ဒါယကာ+ ဒါယိကာမတို့၏ လှူဒါန်းမှုကို အထင်ကြီးကြပြီး အချောင်စားရလိမ့်မည် အထင်ရှိနေကြသည်၊ ထိုသူများသည် မှန်းချက်နှင့် နမ်းထွက် မကိုက်ကြဘဲ ဆွမ်းခံစားရမည် ရှိသောအခါ တွန့်သွားတတ်ကြသည် [၁]၊ အချို့လည်း ရဟန်းဖြစ်ပြီးနောက် စား, ဝတ်, နေရေး, ကျန်းမာရေးအတွက် အားငယ်သွားတတ်ကြသည်၊ ထိုအခြေအနေ

---

၁။ ဝိ ၃-၇၂-၃။

အားလုံးကို ဖြေရှင်းပေးသောအနေအားဖြင့် ရဟန်းသစ်များအား မှီရာ(နိဿယ) (၄)ပါးပြော ထားဘို့ရန် မြတ်စွာဘုရား မိန့်ကြားတော်မူခဲ့ပါသည်၊ မှီရာနိဿယ၄–ပါး ဟူသည် လောကဝေါဟာရအားဖြင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး ပစ္စည်း ၄–ပါးပင် ဖြစ်သည်၊ ယင်း ၄–မျိုးမရရှိလျှင် ခန္ဓာကိုယ်အတ္တဘော မတည်တံ့နိုင်၊ ယင်းတို့သည် ခန္ဓာကိုယ်အတ္တဘော၏မှီရာ (နိဿယ)များ ဖြစ်သည်။

ပစ္စည်း (၄)ပါးသည် ခန္ဓာကိုယ် အတ္တဘောအတွက် မရှိမဖြစ် အမှန်တကယ်လိုအပ်သည်မှန်သော်လည်း ရှာမှီးပုံ နည်းလမ်းမကျလျှင်“ ပေါ့စေလိုလို့ကြောင်ရုပ်ထိုးမှ ဆေးအတွက် လေးသွားနိုင်သည်” သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ဖို့ရန်[၁]၊ ဟူသော ရှင်ရဟန်းပြုလာခြင်း၏ ရည်ရွယ်ချက် ပြည့်မြောက်ရေးအတွက် ကိစ္စနည်းပါး၍ အသက်မွေးမှု လွယ်ကူပေါ့ပါးဘို့လို၏[၂]၊ ရဟန်းတော်များနှင့် အသင့်လျော်ဆုံး ပစ္စည်းဖြစ်ရန် –

၁။ တန်ဘိုးနည်းရမည်၊

၂။ ကာလ, ဒေသမရွေး ရလွယ်ရမည်

၃။ အပြစ်ကင်းရမည်– ဟု

မြတ်စွာဘုရားက မူကြီး ၃–ချက် ချမှတ်ပေးတော်မူခဲ့သည်[၃]၊

---

၁။ သံသာရဝဋ္ဋဒုက္ခတော မောစနတ္ထာယ။

၂။ သန္တုဿကောစ သုဘရောစ အပ္ပကိစ္စောစ သလ္လဟုကဝုတ္တိ။

၃။ အံ ၁-၃၃၅။

ယင်းမှူကြီး ၃–ရပ်နှင့် အံဝင်ခွင်ကျ ကိုက်ညီသော ပစ္စည်းမျိုးကား–

၁။ ဆွမ်းခံ၍ ရသော ဆွမ်းဝစ္စည်း

၂။ ပံ့သကူ သင်္ကန်းဝစ္စည်း

၃။ သစ်ပင်ရင်းတည်းဟူသော ကျောင်းဝစ္စည်း

၄။ နွားကျင်ငယ်ဟူသော ဆေးဝစ္စည်း–ဤ (၄) မျိုးတို့တည်း။

## ဆွမ်းဟူသော မှီရာ

ဆွမ်းခံရသော ပစ္စည်းသည် တစ်အိမ် တစ်အိမ်လျှင် တစ်ဇွန်း၊ တစ်ယောက်မ၊ တစ်လုပ်စာမျှ လောင်းလှူကြရသဖြင့် လှူသူများအား ဝန်မတက်စေရုံမျှမက တန်ဘိုးလည်းနည်းလှ၏၊ ဝန်မတက်စေသဖြင့် အရပ်ဒေသတိုင်း အိမ်မြင်တိုင်း၌ ရဖို့ရန် လွယ်ကူသည်၊ ပေါများသောခေတ်, ရှားပါးလှသောခေတ်, ဘယ်ခေတ်မဆို ရလွယ်သည်၊ တစ်လုပ်စာမျှ လောင်းလှူရသဖြင့် ဒါယကာတို့၏ အပေါ်၌ ငဲ့ညှာရခြင်း တွယ်တာခြင်း မထားသဖြင့် တဏှာသံယောဇဉ်ကင်း၏၊ ဒါယကာအလိုလိုက်ရခြင်းစသော ကုလဒူသက, အနေသန မိစ္ဆာဇီဝအပြစ်တို့မှ ကင်းသည်၊ ဆွမ်းနှင့် ပတ်သက်၍ စိုးရိမ်သောက ဖြစ်ရခြင်း, ကြောင့်ကြစိုက်ရခြင်း

တို့မှလည်း ကင်းဝေးနိုင်သည်၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းကန်သို့ မလာရောက်နိုင်သူများကို ကုသိုလ်ထုပ် လှည့်လည်ဝေငှသည် မည်သည်၊ အာဟာရ ပရိယေသန ဒုက္ခဟူသော ဝိရိယာရမ္ဘဝတ္ထုကို မျက်ဝါးထင်ထင် တွေ့မြင်နိုင်သည်၊ အနာရောဂါကင်းခြင်းစသော စင်္ကြံလျှောက်ခြင်း၏ အကျိုး ခံစားရနိုင်သည်၊ အရိယာသူတော်ကောင်းတို့၏ လမ်းစဉ် ဆွမ်းခံကျင့်ဝတ်ကို ပူဇော်သည်လည်းမည်သည်၊ ဤသို့စသည်ဖြင့် ဆွမ်းခံ၍ရသောပစ္စည်းသည် အလွန်မွန်မြတ်လှပေသည်။

မြတ်စွာဘုရားသည် တပည့်သားများအား အာမိသအမွေကို ပေးသောအခါ လတ်တလောအကျိုးထက် ရေရှည်အကျိုး များနိုင်သော ကိုယ်တိုင်ဆွမ်းခံ၍ရသည့် အာမိသအမွေကို ပေးခဲ့ခြင်း ဖြစ်ဟန်တူပါသည်။

## အပိုလာဘ်ကို ခွင့်ပြုတော်မူခြင်း

မြတ်စွာဘုရားသည် အစွန်းရောက်ဝါဒကို ကျင့်သုံးတော်မမူ၊ ဆွမ်းခံကျင့်ဝတ် ကောင်းသည်မှန်သော်လည်း ဆွမ်းခံဖို့ မလျော်သောအခါ မလျော်သောပုဂ္ဂိုလ်မျိုးကို ငဲ့ညှာပြီးအပိုလာဘ်ကို ခွင့်ပြုတော်မူခဲ့ပါသေးသည်၊ အမြင်ကျယ်သော သဗ္ဗညုတ ဉာဏ်တော်ရှင်,

သနားငဲ့ညှာတတ်သော မဟာကရုဏာတော်ရှင် ဖြစ်တော်မူပါပေသည်၊ ကာယဗလအားနည်းခြင်း၊ ခြေလက်၌အနာရှိခြင်း၊ မျက်စိအားနည်းခြင်း ဖျားနာခြင်းစသော အနာရောဂါရှိ၍ ဆွမ်းခံမထွက်နိုင်သူ၊ ကိုယ်ရေကိုယ်သား နူးညံ့လှ၍ ဆွမ်းခံထွက်ရလျှင် ကာယိကဒုက္ခဖြစ်ပြီး စိတ္တသုခကို မရနိုင်သူ၊ သံဃာ့ဝန်ကို ဆောင်နေရသူစသည်တို့သည် ဆွမ်းခံထွက်ဘို့ မလွယ်ကူပေ၊ ငွေးပြင် စွမ်းနိုင်သောဒါယကာတို့က သံဃာအားလုံးအတွက်ဖြစ်စေ၊ ပင့်ဖိတ်၍ဖြစ်စေ လှူဒါန်းရာအခါမျိုး၊ ရှင်သုဒိန်, ရှင်ရဋ္ဌပါလတို့ကဲ့သို့ မိဘတို့ကို ငဲ့ညှာသင့်ရာအခါမျိုး စသည်၌လည်း ဆွမ်းခံထွက်၍ မလျော်ပေ၊ ဤသို့စသည်ဖြင့် ဆွမ်းခံ၍မလျော်သော ပုဂ္ဂိုလ်မျိုး အခါမျိုးကိုငဲ့ညှာ၍ ပိဏ္ဍိယလောပဘောဇဉ်ထက် အပိုအလွန်ဖြစ်သည့် ပို့ဆွမ်း, ပင့်ဆွမ်းများကို ခွင့်ပြုတော်မူခဲ့ပါသေးသည်။

## သင်္ကန်းဟူသော မှီရာ

အဝတ်သင်္ကန်းသည်လည်း ခန္ဓာကိုယ်အတွက်သော အတွက်မှီရာနိဿယတစ်ပါး အပါအဝင်ဖြစ်သည်၊ မှန်၏၊ အချမ်း, အပူစသော ဘေးရန်ကိုကာကွယ်ရန်နှင့် အရှက်, အကြောက်ကို ဖုံးလွှမ်းရန် အဝတ်သင်္ကန်းကို အသုံးပြုရသည်၊ သင်္ကန်း ဟူသမျှတို့တွင်

ပံ့သကူသင်္ကန်းဟူသည် သင်္ချိုင်းကုန်းမှ ရသောအဝတ်၊ သူများမလိုချင်၍ စွန့်ပစ်ထားသောအဝတ်များကို ကောက်ယူပြီး ရဟန်းနှင့်လျော်အောင်ဖွတ်လျှော် ချုပ်ဆိုးထားသောသင်္ကန်းဖြစ်သည်၊ သူများမလိုချင်၍ စွန့်ပစ်ထားရာမှ ရသောအဝတ်သင်္ကန်းဖြစ်၍ တွယ်တာမှုတဏှာ ကင်းသည်၊ အဟောင်းအနွမ်းဖြစ်၍ လိုချင်သူမရှိသဖြင့် စောင့်ရှောက်ရမှု ကြောင့်ကြဗျာပါရ သောကငြိမ်းသည်၊ အလှူရှင်ကိုယ်တိုင် လှူသော သင်္ကန်းမဟုတ်၍ ဒါယကာကို ငဲ့ညှာရခြင်း ဒါယကာ၏ စိတ်ကိုစောင့်ရှောက်ရခြင်း စသော လူတို့နှင့်စပ်သောတဏှာ သံယောဇဉ်မှကင်းသည် ဤသို့ စသည်ဖြင့် ပံ့သကူသင်္ကန်းသည် လောက တန်ဘိုးနည်းသော်လည်း လောကုတ္တရာတန်ဘိုးကြီးမြတ်လှသည်၊ မြတ်စွာဘုရားသည် မိမိတပည့် သာဝကများအား မွန်မြတ်သော လောကုတ္တရာကျိုး ရရှိစေလိုသဖြင့် ပံသုကူသင်္ကန်းတည်းဟူသော အာမိသအမွေကို ပေးတော်မူခဲ့ပါသည်။

## အပိုအလှန်သင်္ကန်း

ပံသုကူသင်္ကန်းသည် ရဟန်းများနှင့်အသင့်လျော်ဆုံးသော မွန်မြတ်သည့် သင်္ကန်းဖြစ်သော်လည်း လှူဒါန်းမည့်သူရှိလျှင် စေတနာငဲ့၍ အလှူခံပြီး ဝတ်ရုံနိုင်ရန် ခွင့်ပြုတော်မူခဲ့ပါသေးသည်။

## ကျောင်းဟူသောမှီရာ

စားရေးဝတ်ရေးပြေလည်ရုံနှင့်လည်း မပြီးသေး၊ နေစရာကျောင်းသည်လည်း ခန္ဓာဝန်ကိုစောင့်ရှောက်ရန် မရှိမဖြစ်သော မှီရာပစ္စည်းတစ်ခု ဖြစ်သည်၊ အချမ်းအပူစသောဘေးရန်များကို ကာကွယ်ရန်နှင့် ကိန်းအောင်း မွေ့လျော်ရန် ကျောင်းကိုမှီဝဲသုံးဆောင်ရပါသည်၊ ကျောင်းပစ္စည်းကို လိုအပ်သည် မှန်သော်လည်း သာသနာ့ အလုပ်ပျက်လောက်အောင် ဝန်တက်မည့် ကျောင်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်ရင်းတည်းဟူသော ရုက္ခမူကျောင်းသည် -

၁။ တန်ဘိုးလည်းနည်းသည်

၂။ ကာလဒေသမရွေးရလွယ်သည်။

၃။ အပြစ်ကင်းသည်

၄။ တခါးပိတ်ရမှု၊ ပြုပြင်ရမှု၊ စောင့်ရှောက်ရမှုစသော''ဝလိဗောဓ''ကင်း သည်။

၅။ ကျောင်း၌ စွဲလမ်းတွယ်တာမှု တဏှာသံယောဇဉ်မှလည်း ကင်းသည်။

ဤသို့စသည်ဖြင့် မရေတွက်နိုင်သောအကျိုးအာနိသင်နှင့် ပြည့်စုံသဖြင့် အလွန်မွန် မြတ်လှသည်၊ သူတော်ကောင်းတို့နှင့်လည်း လျော်ကန်သည်၊ ထိုအကျိုးအနန္တတို့ကိုရစေလို၍ မြတ်စွာဘုရား

သည် ရက္ခမူကျောင်းတည်းဟူသော အာမိသအမွေကိုပေးတော်မူခဲ့ပါသည်။

## အပိုလွန်ဖြစ်သောကျောင်း

သစ်ပင်ရင်း တည်းဟူသောကျောင်းသည် ဝိပဿနာစုရ ပုဂ္ဂိုလ်များနှင့် သင့်လျော်သည်မှန်သော်လည်း ဥတုဘေးဒဏ် မခံနိုင်သူ၊ ပရိယတ်မွေး၍ဂန္ထဓုရတာဝန်ဆောင်သူ ပုဂ္ဂိုလ်များ အတွက်ကား မိုးလုံ, လေလုံ ကျောင်းများကို လိုအပ်ပါသေးသည်၊ ရက္ခမူကျောင်းထက် အပိုအလွန်ဖြစ်သော ကျောင်းမျိုးကား ၄-ဖက်မိုးကျောင်း, ပြဿဒ်, လိုဏ်ဂူ, အုတ်တိုက် စသော အဆောက် အအုံများဖြစ်ပါသည်။

## ဆေးဟူသော မှီရာ

စားဝတ်နေရေးသာ ပြည့်စုံပြီး ကျန်းမာရေး မပြည့်စုံပြန်လျှင် လည်း မည်သည့်လုပ်ငန်းကိုမျှ အောင်မြင်အောင် ဆောင်ရွက် နိုင်မည်မဟုတ်ချေ၊ကျန်းမာခြင်းသည် တရားအားထုတ်သူ၏အင်္ဂါ (y''med *F တစ်ပါးဖြစ်သည့်ပြင် အကောင်းဆုံး လာဘ်တစ်ပါး[၂] လည်း ဖြစ်ပါသည်၊ ထို့ကြောင့် ကျန်းမာရေးအတွက် ဆေးပစ္စည်းကို မရှိမဖြစ်သာမှီရာ နိဿယတစ်ပါးအဖြစ် မြတ်စွာဘုရား ခွင့်ပြုတော်

၁။ အံ ၂-၅၇ ဒီ ၃-၁၉၈။ ၂။ ဓမ္မပဒ ၄၃ (အာရောဂျပရမာ လာဘာ)

မူခဲ့ပါသည်၊ ဆေးအမျိုးမျိုးရှိသည်တွင် တန်ဘိုး နည်းခြင်း၊ ရလွယ် ခြင်း၊ အပြစ်ကင်းခြင်းဟူသော မူ(၃) ရပ်နှင့် ညီသည့် ပူတိမုတ္တဆေး ကိုအာမိသအမွေအဖြစ် မြတ်စွာဘုရား ပေးတော်မူခဲ့ပါသည်၊ ပူတိမုတ္တဆေးဟူသည် နွားကျင်ငယ်တည်း၊[၁] ကေစိဆရာ များက ''နွားကျင်ငယ်ဖြင့် စိမ်အပ်သော ဇီးဖြူသီးကို ပူတိမုတ္တ'' ဟု ဆိုကြ၏[၂] အပရေဆရာများကလည်း '' ပုတ်သိုးသည်၊ မကောင်းသည် ဖြစ်၍ စွန့်ပစ်ထားအပ်သော ဆေးကို ပူတိမုတ္တဆေး'' ဟုဆိုကြ၏[၃]၊ ဝါဒအမျိုးမျိုးရှိသည်တွင် တန်ဘိုးနည်း ခြင်း၊ ရလွယ်ခြင်းဟူသော မူနှင့် ကိုက်ညီသော ပူတိမုတ္တဆေးမှာ နွားကျင်ငယ်သာ ဖြစ်သင့် သည်၊ နွားကျင်ငယ်ကို သောက်သုံးက အဖျားရောဂါ လေငန်း ရောဂါ၊ သွေးဒူလာရောဂါ စသာ ရောဂါအမျိုးမျိုးကို ပျောက်ကင်း စေနိုင်သည်။

## အပိုလွှန်ဖြစ်သောဆေး

ပူတိမုတ္တဆေးသည် မွန်မြတ်သောဆေးဖြစ်သော်လည်း သင့်လျော်သော အကောင်းရှိက ထောပတ်, ဆီဦး, ဆီ, ပျား, တင်လဲဟူသော ဆေး(၅)မျိုးနှင့် ဗိန္ဓောဆေးများကိုလည်း လိုအပ် သလိုသုံးနိုင်ရန် အပိုခွင့်ပြုတော်မူခဲ့ပါသည်။

---

၁။ ဝိမတိ ၂-၁၀၅။ ၂။ အံ ဋီ ၂-၂၆၃။ ၃။ အံ ဋီ ၂-၂၆၃ ဝဇိရဗုဒ္ဓိ ၄၁၈။

## ပစ္စည်း (၄) ပါး သုံးဆောင်နည်း

"မှီရာလေးသင်း၊ မာရ်ကျော့ကွင်း၊ ဝဋ်တွင်းနက်လေစွ"[၁] ဟူသည်နှင့်အညီ ပစ္စည်း ၄-ပါး၌ သာယာငြိတွယ်၍ ကျော့ကွင်းမိခဲ့လျှင် ဝဋ်ဒုက္ခတွင်းနစ်မွန်းရသည်၊ ပစ္စည်း ၄-ပါး ရှာမှီးရာ၊ သုံးစွဲရာတို့၌ ကျမ်းကျင်လိမ္မာဘို့ အရေးကြီးသည် ဝိနည်းတော်နှင့်အညီ ရှာမှီးတတ်ဖို့ သုံးစွဲတတ်ဖို့လိုသည်၊ ငှက်ပျော, ဝါး, ကျူပင်တို့ကို မိမိအသီးသီးက ပြန်၍သတ်ဖြတ်သကဲ့သို့ ပစ္စည်းလာဘ်လာဘက ရဟန်းကို ပြန်၍သတ်ပါသည်[၂]။

ပစ္စည်း (၄) ပါးသည် သုံးတတ်လျှင်ကား ဆေး၊ မသုံးတတ်လျှင်ဘေး ဖြစ်တတ်ပါသည်၊ ဘေးမဖြစ်ရန်သုံးစွဲနည်း ပစ္စဝေက္ခဏာတို့ကိုလည်း မြတ်စွာဘုရားက ထပ်မံ၍ ညွှန်ကြားတော် မူခဲ့ပါသေးသည်[၃]။

## လုံးဝမပြုထိုက်သောအရာ (၄) မျိုး

ဆောင်ရန် သိဖို့ထက် ရှောင်ရန် သိဖို့က ပို၍ အရေးကြီးပါသည်၊ လွန်ကြူးမိက ကုစား၍ရနိုင်ကောင်းသော ပြစ်မှုမျိုးလည်း ရှိတတ်သေးသည်၊ မီးခဲကိုကိုင်မိ၍အပူလောင်ခံရသော အနာကို

၁။ ဝိနယသံခိပ် ၄၅။ ၂။ အံ ၁-၃၈၅။ ၃။ မ-၁ ၁၂-၁။

ဆေးကုလို့ရနိုင်သည်၊(၆၆၀၀)ရှိ မဟာဓါတ်အား လိုင်းလျှပ်စစ် ကြိုးကိုကိုင်မိလျှင် တခါတည်း မီးလောင်ပြာကျပြီး သေသွားမည်၊ ဆေးကုလို့ မရတော့၊ ထို့အတူ သံဃာဒိသေသ်၊ ထုလ္လစ္စည်း စသော အာပတ်အပြစ်များ ကျူးလွန်မိလျှင် ကုစား၍ရနိုင်သေးသည်၊ ပါရာဇိက ပြစ်မှုမျိုးကို ကျူးလွန်မိလျှင် တခါတည်း ရဟန်းဘဝ ဆုံးရှုံး သွားတော့သည်၊ တစ်ဖန်ရဟန်းကောင်းဖြစ်အောင် ကုစား၍ မရနိုင်တော့၊ ဘုရားလက်ထက်က ရဟန်းတော်လေးတစ်ပါး ရဟန်း ခံပြီး ရက်ပိုင်းအတွင်း မသိနားမလည်သဖြင့် မယားဟောင်းနှင့် လွန်ကျူးမိသွား၏၊ ရဟန်းဘဝဆုံးရှုံးသွားကြောင်း နောက်မှ သိရသည်၊ ထိုအပြစ်မျိုး မကြုံမိစေရန် မှီရာ ၄-ပါးကို ပြောကြား ပြီးနောက် မပြုထိုက်သော တရား ၄-ပါးကို ပြောထားရန်မြတ်စွာ ဘုရားက မိန့်ကြားတော်မူခဲ့ပါသည်၊ ယင်း ၄-ပါးတို့ကား-

၁။ လည်ပင်းပြတ်သွားသော ယောကျာ်းသည် တဖန် အသက် မရှင်နိုင်၊ ထို့အတူ မေထုန်မှီဝဲမိလျှင် ရဟန်းအဖြစ် ဆုံးရှုံး သွားတော့သည်၊ ထို့ကြောင့် ရဟန်းဘဝမှာနေသမျှ ကာလ ပတ်လုံး မေထုန်မမှီဝဲရ။

၂။ အညှာမှကြွေကျပြီးသော သစ်ရွက်ရော်သည် နောက်ထပ်တဖန် စိမ်းလန်းခြင်းငှာ မထိုက်တော့၊ ထို့အတူ တမတ်တမတ် ထိုက်သောဥစ္စာ၊ တမတ်ထက်လွန် သောဥစ္စာတို့ကို ခိုးယူမိလျှင် ရဟန်းဘဝဆုံးရှုံးရတော့သည်၊ ထို့ကြောင့် သူတပါးဥစ္စာကို မြက်၊ ဝါးခြမ်းစိတ်မှစ၍ မခိုးယူရ။

၃။ နှစ်ခြမ်းကွဲပြီးသောကျောက်ဖျာကြီးသည် ပကတိအတိုင်း တဖန် ဆက်စပ်၍ မရနိုင်သကဲ့သို့ လူဇာတ်ရှိသူကိုသတ်မိလျှင် ရဟန်းမဟုတ်တော့၊ ထို့ကြောင့် သူတပါးအသက်မှန်သမျှတို့ကို မသတ်ရ။

၄။ လည်ဆစ်ပြတ်လေပြီးသော ထန်းပင်သည် တဖန် စည်ပင်ပြန့်ပွားခြင်းငှာ မထိုက်တော့သကဲ့သို့ မိမိသန္တာန်ဝယ် တကယ်မရှိသော ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်, မဂ်, ဖိုလ် တရားများကို လိမ်ညာပြောမိလျှင်ရဟန်းမဟုတ်တော့။

ထို့ကြောင့် လိမ်ညာပြောခြင်းအမှုကို ရဟန်းဘဝမှာ နေသမျှ ရှောင်ကြဉ်ရမည်၊

# နားလည်မှုယူ၍ ခွင့်လွှတ်ခြင်း

ရဟန်းဖြစ်ချိန် မှတ်တမ်း၊ ဆောင်ရန် ၄-ပါး၊ ရှောင်ရန် ၄-ပါး တို့ကိုပြောကြားပြီးနောက် လိုက်နာကျင့်သုံးရမည့် ဝတ္တရားများ မလစ်ဟင်းစေရန်နှင့် လစ်ဟင်းမှုရှိက သက်သာခွင့်ရရန် လမ်းညွှန် ချက်ပေးရသေးသည်၊ ဥပဇ္ဈာယ်ဆရာနှင့် ကမ္မဝါစာ ဆရာတို့သည် ရဟန်းဖြစ်အောင် ချီးမြှောက်ပေးကြသော ဆရာရင်းများဖြစ် ကြသည်၊ ရဟန်းခံရာတွင် သံဃာအရေအတွက် ပြည့်မှီအောင် ပါဝင်သူကာရကသံဃာများသည်လည်း ရဟန်းသစ်၏ ကျေးဇူးရှင် များပင်ဖြစ်ကြ၏၊ သာသနာတော်တွင်း၌ ဆရာတပည့်အချင်းချင်း ဆက်ဆံရေးဝတ္တရားများရှိကြသည်၊ ဝတ္တရားမကျေပွန်လျှင် အာပတ်အပြစ်ဖြစ်ရုံမက သီလကိုလည်း ပြည့်ကျင့်သည် မမည်၊ သီလမစင်ကြယ်က စိတ်တည်ငြိမ်မှုမရှိပဲ မဂ်, ဖိုလ်, နိဗ္ဗာန်ကိုလည်း မရနိုင်၊[၁] ထို့ကြောင့် ဆရာတပည့်တို့ တာဝန်ကိုယ်စီ ဖြည့်ကျင့် ကြရသည်၊ ဆရာတပည့် အနေကွာခြင်း စသောအကြောင်းကြောင့် ဝတ္တရားမပြုနိုင်ခဲ့သော် အပြစ်မှ သက်သာခွင့်ရရန် နားလည်မှုယူပြီး ခွင့်ပြုထားလျှင် အပြစ်လွတ်နိုင်သည်[၂]။

---

၁။ ဝိ ၄-၄၁၆။ ၂။ သာရတ္ထ

## အချင်းချင်း ခွင့်လွှတ်ပုံ

''ဥပဇ္ဈာယ်ဆရာ, ကမ္မဝါစာဆရာ ကာရကသံဃာတော် အရှင်မြတ်တို့ ဘုရား အရှင်မြတ်တို့အပေါ်၌ တပည့်က ပြုရမည့် ဝတ္တရားများများစွာပင် ရှိပါသည်ဘုရား နေရာတစ်ပါး ဝေးခြားခြင်း စသောကြောင်းကြောင့် ခွင့်ပြု၍ ရစကောင်းသော ဝတ္တရားများကို မပြုပဲနေနိုင်ရန် ခွင့်လွှတ်တော်မူပါဘုရား၊ ဘုရားတပည့်တော်အပေါ်၌ အရှင်မြတ်တို့က ပြုရမည့် ဝတ္တရားများကိုလည်း တပည့်တော်က မသာယာပဲ ခွင့်လွှတ်ပါသည် ဘုရား''။

## သာသနာ့တာဝန် ထမ်းဆောင်ခြင်း

ရှင်သာမဏေနှင့် ရဟန်းနှစ်ဦးစလုံးသည် လူ့ဘောင်ကို စွန့်ခွာပြီး အိမ်ရာမထောင် သာသနာ့ဘောင်၌ သာသနာ့ တာဝန်များကို ထမ်းဆောင်နေသူများ ဖြစ်သည် သာသနာ့တာဝန် ဟူသည် အချုပ်အားဖြင့်ဂန္ထဓုရ၊ ဝိပဿနာဓုရဟု နှစ်မျိုးသာရှိသည်[၁]။ သင်ယူလေ့ကျင့်ရေးတာဝန်၊ကျင့်ကြံရေးတာဝန် ဟုဆိုလိုသည်၊ အနည်းငယ်ချဲ့ ဦးအံ့ –

၁။ အံ၅ ၁-၂၈။

၁။ ဝဏ္ဏမူရ - ပိဋကတ်စာပေကျမ်းဂန် သင်အံပို့ချရေးတာဝန်

၂။ ဝိပဿနာဓူရ - ကမ္မဋ္ဌာန်း ဘာဝနာ ပွားများအားထုတ်ရေးတာဝန်

နှစ်ရပ်ကို ရည်ရွယ်၍ –

''ရဟန်းကိစ္စ၊နှစ်မူရဉ်၊လုံးလအားသည်း၊ ဟိတ်ဟန်နည်း၍၊ ပစ္စည်းမသို၊ စိတ်မတို ခင်ပို၍ ကြီးပွားကြောင်း'' ဟု မိန့်ဆိုကြသည် [၁]။

ပိဋကတ်စာပေကျမ်းဂန် သင်ကြားနေကြသော ဂန္ထဓုရပုဂ္ဂိုလ်တို့သည် ရည်ရွယ်ချက်သုံးမျိုးဖြင့် သင်ကြားနေသည်ကို တွေ့ရသည်။

## ပရိယတ္တိ(၃) မျိုး

၁။ အလဂဒ္ဒူပမာပရိယတ္တိ=မြွေဖမ်းတတ်ခြင်းနှင့်တူသောသင်ယူပုံ။

၂။ နိဿရဏတ္ထပရိယတ္တိ=သံသရာဝဋ်ဒုက္ခမှ ထွက်မြောက်ရန်အကျိုးကို မျှော်ကိုး၍ သင်ယူပုံ။

၃။ ဘဏ္ဍာဂါရိကပရိယတ္တိ=ဘဏ္ဍာစိုးနှင့်တူသောသင်ယူပုံ။

စာပေကျမ်းဂန်သင်ယူရာတွင် အချို့က သူတစ်ပါးကို နှိမ်ရန်, ဝင့်ကြွားရန်, ဘုန်းကြီးရန် စသော လောဘ, ဒေါသ အကုသိုလ်မူလအရင်းခံဖြင့် သင်ယူကြသည်၊ ထိုသင်ယူနည်းမျိုးကို အလဂဒ္ဒူပမာ သင်ယူနည်း ဟုခေါ်သည်၊ မြွေဖမ်းသောအခါ အဖမ်း

---

၁။ ဝိသုဒ္ဓါရုံဆရာတော်။

မတတ်လျှင် ထိုမြွေကိုက်၍ သေသော်လည်း သေရာ၏။ ထို့အတူ လောဘ, ဒေါသ, အကုသိုလ်မူလ အရင်းခံဖြင့် သင်ကြားလျှင် ထိုအကုသိုလ်ကပင် မိမိကို အပါယ်သို့ ပို့ဆောင်ပါလိမ့်မည်[၁]။

သီလ, သမာဓိ, ပညာ ပြည့်ကျင့်ဘို့ရန် ရည်ရွယ်ချက်ဖြင့် သင်ယူခြင်းကို နိဿရဏတ္ထပရိယတ္တိ ခေါ်သည်၊[၂]

ထိုသင်ယူခြင်းမျိုးသည် မြွေဖမ်းတတ်သဖြင့် မြွေကိုက် မခံရသကဲ့သို့ လိုအပ်သော အကျိုးပြီးမြောက်နိုင်သည်။

## စာသင်နေသူများကိုမနှိမ်သင့်ပါ

သာသနာတော်၌ ကိစ္စအားလုံး ပြီးပြည့်စုံနေသော ရဟန္တာပုဂ္ဂိုလ်သည် သူတော်ကောင်းတရားကို စောင့်ရှောက်ရန် ရည်ရွယ်ချက်ဖြင့်သာ သင်ယူ၏၊ မိမိအတွက် ရည်ရွယ်ချက်မရှိ ထိုသင်ယူခြင်းမျိုးကို ဘဏ္ဍာဂါရိကပရိယတ္တိဟုခေါ်သည် ဆိုခဲ့ပြီးသော ပရိယတ္တိသုံးမျိုးတို့တွင် နိဿရဏတ္ထပရိယတ္တိမျိုးဖြင့် သင်ယူမှသာလျှင် ရှင်ရဟန်းပြုရကျိုးနပ်နိုင်ပါသည်၊ အချို့လည်း ယေဘုယ်စဉ် အလဂဒ္ဒူပမာ ပရိယတ္တိနည်းမျိုးဖြင့် သင်ယူရင်းပင် ပိဋကတ်တော်၏ အနှစ်သာရများကို သိရသဖြင့် နိဿရဏတ္ထ ပရိယတ္တိသို့ ပြောင်းလဲသွားသည်ကို အများအပြား တွေ့ရပါသည်။

---

၁။ မ ၁-၁၈၆။ ၂။ ဝိဠ ၁-၂၀။

ပရိယတ်နှင့် ပဋိပတ်သည် ခွဲလို့မရ၊ တစ်ခုနှင့်တစ်ခု မှီတွယ်နေသည်၊ တစ်ချို့ ကပေါင်ဒွိလမထေရ်ကို ပုံစံ[၁] ထုတ်၍ ပရိယတ်ကို ပုတ်ခတ်နေကြပါသည်၊ စာသင်စာချနေသူများကို နွားနို့မသောက်ရသောနွားကျောင်းသား ပမာထားလျက်[၂] သနား သယောင်ယောင်ပြု၍ ပြက်ရယ်ပြုနေကြပါသည်၊ ထိုသူများ၏ အဆိုကြောင့် –

''တရားမနာ၊ စာဝမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု''

လျှင်သော်လည်းကောင်း၊ [၃]

'' စာသင်ဝယ်လျော၊ ကျယ် ဟောကြ၊ ကျယ် မချွန်၊ ကျယ်စွ မအဲ၊မကြံမည်'' လျှင်သော်လည်းကောင်း [၄]၊ သာသနာကွယ်သွားနိုင်သည် မဟုတ်လော၊ ယင်းသို့ဖြစ်လျှင် သာသနာကွယ်ခြင်း၌ မည်သူ့အပေါ်မှာတာဝန်ရှိပါသနည်း၊ ပညာရှိများစဉ်းစားရန် လူထွက်လို၍ တိုင်ပင်ရာတွင် သပိတ်–သင်္ကန်းကို လိုချင်သဖြင့် အားပေးမိသောကြောင့် (၇)ကြိမ်လူ ထွက်ရသော '' စိတ္တဟတ္ထ'' ထေရ်၏ ဝင်္ကြွေးကို လည်းကောင်း [၅]၊ စာချဘုန်းကြီးဘဝက စာသင်သား စိတ်ဝတ်ကျအောင် ပြောဆိုမိသဖြင့် ဂါထာလေးတစ်ဂါထာကိုပင် တစ်ဝါတွင်းလုံးရအောင် မကျက်နိုင်သော ရှင်စူဠပန်၏ဝင်္ကြွေးကို လည်းကောင်း[၆]၊ နှလုံးမူ၍ စာသင်နေသူများ စိတ်ဓာတ်ကျအောင်

---

၁။ ၂။ ဓမ္မပဒ ၁၆။ ၃။ ၄။ အံ ၂-၁၅၆-ဝိသုဒ္ဓါရုံဆရာတော်။
ဒီ၅ ၁-၁၃၂။ ၆။ အံ ၅ ၁-၁၄၆။

မပြောမိဘို့ သတိပြုရမည်။

နိဿရဏတ္ထ သင်ယူနည်းဖြင့် စာပေကျမ်းဂန်သင်ယူလျှင် ကိလေသာဝင် ခွင့်မရ၊ သီလ,သမာဓိ,ပညာ ရင့်ကျက်ပြီး ''မလိယဒေဝ'' ထေရ်ကဲ့သို့ အရဟတ္တဖိုလ်သို့ပင် ဆိုက်ရောက်နိုင်သည် ၄၊ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ ပရိယတ်, ပဋိပတ် နှစ်ရပ်တို့သည် အချင်းချင်း အင်အားပြုမှ ကြီးပွားတိုးတက်နိုင်ကြမည်၊ ''ငါ ပဋိယတ်သမား'' ''ငါ - ပဋိပတ်သမား''ဟု ကြွေးကြော်ရုံနှင့် မပြီးပါ၊ ပရိယတ်သည် ပစ္စည်း ၄-ပါး ကျောထောက်နောက်ခံရှိသည်၊ ပဋိပတ်သည် ရှုတင်ကျောထောက်နောက်ခံ ရှိသည်။

## အနှစ်ရှာကြစို့

စန္ဒကူးနှစ်ကိုရလိုလျှင် စန္ဒကူးပင်ကြီးမှ အပွေး-အခေါက်-အခွံ-အကာတို့ကို ပယ်ရှားပစ်ရမည်၊ အပွေး, အခေါက်, အခွံ, အကာတို့ဖြင့်သာ တင်းတိမ်နေလျှင် စန္ဒကူးနှစ်ကို မရနိုင်၊ ထို့အတူ သာသနာ့ဘောင်ဝင်၍ ရှင်ရဟန်းပြုနေခြင်းသည် အရဟတ္တဖိုလ် အနှစ်ကို ရှာဖွေနေခြင်းပင်ဖြစ်သည်၊ သို့ပါလျက်-

၁။ အချို့ကအပေါ်ယံအပွေးမျှဖြစ်သည့် လာဘသက္ကာရ

---

၄။ အံ၅ ၁-၂၉။

သိလောက (လာဘ်ရမှု၊ အပူဇော်ခံရမှု၊ အရှိန်အဝါရှိမှု) နှင့် တင်းတိမ်နေ၏။

၂။ အချို့က တစ်ဆင့်တက်ပြပြီး အခေါက်ပမာ သီလမျှဖြင့် တင်းတိမ်နေသည်။

၃။ အချို့ကလည်း တတိယဆင့် အခွံနှင့်တူသော ဈာန်သမာဓိ လောက်ကို အဟုတ်ကြီး ထင်နေပြန်သည်။

၄။ အချို့မှာ စတုတ္ထဆင့် အမြင်ထူးရ တန်ခိုးပြနိုင်ခြင်း ဟူသော အဘိညာဉ်ကိုပင် ရဟန္တာအဖြစ် ထင်နေကြသည်၊ အဘိညာဉ်သည် သာသနာတော်၏ အကာမျှဖြစ်နေသည်ကို မသိကြပေ။

၅။ တကယ့်အနှစ် အရဟတ္တဖိုလ်အစစ်ကိုရလိုလျှင် လာဘသက္ကာရသိလောက=အပွေး၊ သီလ=အခေါက်၊ သမာဓိ=အခွံ၊ အဘိညာဉ်=အကာတို့ကို ပစ်ပယ်ရမည်၊ မလိုအပ်သည်များကို ပယ်ရှား၍ အရဟတ္တဖိုလ်အနှစ်ကို ရယူနိုင်မှသာ အစဉ်ဆိုခဲ့သော ဒုက္ခကင်းရေးရည်ရွယ်ချက် ထမြောက်ပေမည်။

## နိဂုံးချုပ်

အချုပ်ဆိုရသော် သတ္တဝါတိုင်း ဒုက္ခနှင့်ရင်ဆိုင်နေကြ ရသည် ချည်းဖြစ်၍ ဒုက္ခကင်းလိုကြသည်၊ ဒုက္ခကင်းရေး နည်းလမ်း အစစ်ကား ဗြဟ္မစရိယပင်ဖြစ်သည် ဗြဟ္မစရိယကို ကေဝလပရိပုဏ္ဏ ကေဝလပရိသုဒ္ဓ (ပြည့်စုံဖြူစင်စွာ) ဖြစ်အောင် ကျင့်ကြံဖို့ရာလည်း ရဟန်းပြုကြသည်၊ ရှင်သာမဏေဖြစ်ခွင့်ကို သရဏဂုံဖြင့်ပြုရသော နည်းတစ်မျိုးကိုသာ ခွင့်ပြုတော်မူခဲ့သည်၊ ရဟန်းဖြစ်ခွင့်ကိုကား –

'' ဧဟိ သရဏ၊ သြဝါဒ၊ ပဉှ၊ ဂရုဓမ်၊

ဒူတေ အဋ္ဌ၊ ဉတ္တိ၊ ရှစ်ဝ ရဟန်းမှန်''

ဟူ၍ (၈) မျိုးခွင့်ပြုတော်မူခဲ့သည်၊ ထို(၈)မျိုးတွင် ဉတ္တိ စတုတ္ထကမ္မဝါစာဖြင့် ရဟန်းပြုပေးနိုင်သော စနစ်တစ်ခုသာ ယနေ့ထက်တိုင် ရှင်သန်လျက် ရှိနေပေသည်၊ ထိုစနစ်ကို မြတ်စွာ ဘုရားသည် မဟာသက္ကရာဇ် (၁၀၃) ခု၊ တပို့တွဲလပြည့် နှင့် တပေါင်းလပြည့် အကြားလောက်မှာစတင်ပညတ်ခဲ့သည်၊ သာသနာ တည်သ၍ တည်ရှိမည့် နည်းစနစ်လည်းဖြစ်သည်၊ မြတ်စွာဘုရား သည် ရှင်ရဟန်းပြုခွင့်ပေးရာမှာ ကြည်ညိုဘွယ်ရာ ဖြစ်စေနိုင်သည့် ဥပဓိသမ္ပတ္တိရှိသူများကိုသာ ခွင့်ပြုခဲ့ပါသည်၊ ရှင်ရဟန်းဖြစ်ခွင့်

ရသူများသည် အဓိသီလ သိက္ခာပုဒ်များ၏တည်ရာ စေတီအိမ်များ ဖြစ်၍ လူ, နတ်, ဗြဟ္မာသတ္တဝါအားလုံး၏ ရှိခိုးဦးခိုက်မှုကို ခံထိုက်ကြရသည် မြတ်စွာဘုရားသည် တပည့် သားများအတွက် အာမိသအမွေ,ဓမ္မအမွေ နှစ်မျိုးလုံးကို ပေးခဲ့ပါသည်၊ တပည့်သား များကလည်း ရရှိသည့် အမွေပစ္စည်း နှစ်မျိုးစလုံးကို အသုံးချဖို့လို ပါသည်၊ အာမိသအမွေဖြစ်သာ လမ်းဆုံးနေလျှင် ''သံသာရဝဋ်ဒုက္ခတော မဆေနွှတ္တာယ'' ဟူသောမူလရည်ရွယ်ရင်း ကိစ္စ ပြီးမြောက်မည် မဟုတ်ပါ၊ ပစ္စည်း(၄)ပါး အာမိသအမွေကို တရားနှင့်အညီ သုံးဆောင်ခြင်း, ရှောင်ကြဉ်ခြင်း, လိုက်နာခြင်းတို့ဖြင့် ဓမ္မအမွေကို ခံယူမှသာ ဒုက္ခကင်းရေး ရည်ရွယ်ချက် အောင်မြင်မည် ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်လိုက်ပါသည်။

**အရှင်တိလောကာဘိဝံသ(အင်းစိန်)**

၁၃၄၆-ခု ၊ ကဆုန်လဆုတ် (၁၁) ရက်

၂၅ - ၅ - ၈၄

သောကြာနေ့

# ကျမ်းကိုးစာရင်း

| အမှတ်စဉ် | ကျမ်းအမည် | မှတ်ချက် |
| --- | --- | --- |
| | ဝိနယပိဋက | |
| ၁။ | မဟာဝါပါဠိတော် | သ-သ-နပုံနှိပ်တိုက် |
| ၂။ | စူဠဝါပါဠိတော် | ။ |
| ၃။ | ပါရာဇိကဏ် အဋ္ဌကထာ(ပ) | ။ |
| ၄။ | ပါစိတျာဒိအဋ္ဌကထာ | ။ |
| ၅။ | ဝိနယသင်္ဂဟအဋ္ဌကထာ | ။ |
| ၆။ | ကင်္ခါအဋ္ဌကထာ | သုဓမ္မဝတီပုံနှိပ်တိုက် |
| ၇။ | ဝဇီရဗုဒ္ဓိဋီကာ | သ-သ-န ပုံနှိပ်တိုက် |
| ၈။ | သာရတ္ထဒီပနီဋီကာ | ။ |
| ၉။ | ဝိမတိဝိနောဒနီဋီကာ | ။ |
| ၁၀။ | ဝိနယဝိနိစ္ဆယအဋ္ဌကထာ | ။ |
| ၁၁။ | ဝိနယဝိနိစ္ဆယဋီကာ | ။ |
| | သုတ္တန္တပိဋက | |
| ၁၂။ | သီလက္ခန္ဓဝဂ္ဂပါဠိ | ။ |
| ၁၃။ | ပါထိကဝဂ္ဂပါဠိ | ။ |
| ၁၄။ | အင်္ဂုတ္တိုရ်ပါဠိတော်(ပ) | ။ |
| ၁၅။ | အင်္ဂုတ္တိုရ်ပါဠိတော်(ဒု) | ။ |
| ၁၆။ | သံယုတ်ပါဠိတော်(ဒု) | ။ |

| အမှတ်စဉ် | ကျမ်းအမည် | မှတ်ချက် |
|---|---|---|
| ၁၇။ | မူလပဏ္ဏာသပါဠိတော် | သ-သ-န ပုံနှိပ်တိုက် |
| ၁၈။ | မဇ္ဈိမပဏ္ဏာသပါဠိတော် | ။ |
| ၁၉။ | မိလိန္ဒပဉှာပါဠိတော် | ။ |
| ၂၀။ | ဣတိဝုတ်ပါဠိတော် | ။ |
| ၂၁။ | ဓမ္မပဒပါဠိတော် | ။ |
| ၂၂။ | ဇာတကပါဠိတော်(ပ) | ။ |
| ၂၃။ | အပါဒါန်ပါဠိတော်(ပ) | ။ |
| ၂၄။ | သီလက္ခန်အဋ္ဌကထာ | ။ |
| ၂၅။ | အင်္ဂုတ္တိုရ် အဋ္ဌကထာ(ပ) | ။ |
| ၂၆။ | အင်္ဂုတ္တိုရ် အဋ္ဌကထာ(ဒု) | ။ |
| ၂၇။ | အင်္ဂုတ္တိုရ်ဋီကာ(ဒု) | ။ |
| | အဘိဓမ္မာပိဋက | |
| ၂၈။ | အဋ္ဌသာလိနီအဋ္ဌကထာ | ။ |
| ၂၉။ | သမ္မောဟဝိနောဒနီအဋ္ဌကထာ | ။ |
| | ပကိဏ္ဏက | |
| ၃၀။ | မဟာဗုဒ္ဓဝင်-ဒု (ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ) | ။ |
| ၃၁။ | ဝိနယသံခိပ် (လယ်တီဆရာတော်) | ဇမ္ဗူမိတ်ဆွေ |
| ၃၂။ | ပါတိမောက်ဘာသာဋီကာ(အရှင်ဇနကာဘိဝံသ) | ဟံသာဝတီ |
| ၃၃။ | သာသနဝိသောဓနီ(လယ်တီဆရာတော်) | ဟံသာဝတီ |
| ၃၄။ | ဓမ္မဒီပနီ (လယ်တီဆရာတော်) | တပေလောက |

ဤစာအုပ်၌

✻ သတ္တဝါတွေရဲ့လိုအပ်ချက်

✻ ( သာသနာ့ဝန်ထမ်း နှစ်မျိုး နှင့် ရည်ရွယ်ချက်များ )

✻ ရဟန်းဖြစ်ပုံ အမျိုးမျိုး

✻ ( သာသနာ့ဝန်ထမ်းများ၏ စားဝတ်နေရေး နှင့် ကျန်းမာရေး )

✻ ( သတ္တဝါတွေရဲ့ နောက်ဆုံးပန်းတိုင် နှင့် တကယ့်အနှစ် )

... ... စသည် စသည်တို့ကို

ဘာသာရေးနှင့် မနီးစပ်သူများပင်

နားလည်နိုင်လောက်အောင် တင်ပြထားသည်။

